# LIFT နှစ်ပတ်လည် အစီရင်ခံစာ

## ကောက်နုတ်ချက်များ

၂၀၁၅







Livelihoods and Food Security Trust Fund

# မာတိကာ


| | |
|---|---|
| အားလုံးပါဝင်စေသော အသွင်ပြောင်းလဲမှု ဖြစ်စေရန် ဆောင်ရွက်ခြင်း | ၁ |
| ရလဒ် | ၂ |
| ၂၀၁၅ခုနှစ်ကို ပြန်ပြောင်းကြည့်သော် | ၄ |
| ကျွန်ုပ်တို့၏ လုပ်ငန်းနယ်မြေ | ၆ |
| စီမံကိန်းအသစ် ၆ ခု | ၈ |
| မုတ်သုန်ရေကြီးမှုကို အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ခြင်း | ၁၃ |
| စနစ်အပြောင်းအလဲအတွက် ဆောင်ရွက်ခြင်း | ၁၄ |
| ၁။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁၆ |
| ၂။ အားလုံးပါဝင်စေသော တန်ဖိုးကွင်းဆက်များ | ၁၈ |
| ၃။ အာဟာရဆိုင်ရာ | ၂၀ |
| ၄။ မြေယာလုပ်ပိုင်ခွင့် အာမခံ | ၂၂ |
| ၅။ လူမှုကာကွယ်စောင့်ရှောက်ရေး | ၂၄ |
| ၆။ ကျားမရေးရာ တန်းတူညီမျှမှု | ၂၆ |
| ၇။ ရာသီဥတုအပြောင်းအလဲနှင့် လိုက်လျောညီထွေဖြစ်မှု | ၂၈ |
| LIFT၏ အုပ်ချုပ်မှု နှင့် ဘဏ္ဍာရေး | ၃၀ |



ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံရှိ ကျေးလက်နေ နွမ်းပါးသူများ၏ အသက်မွေးမှုနှင့် စာနပ်ရိက္ခာဖူလုံမှုတို့ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ထည့်ဝင်လှူဒါန်းကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စု အစိုးရများကို ကျေးဇူးတင်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT)ကို ပံ့ပိုးကူညီကြခြင်းအတွက် ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ ထို့ပြင် LIFT ၏ ပထမဦးဆုံးသော ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်ဖြစ်သည့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းကိုလည်း ကျေးဇူးတင်ပါသည်။



အသိပေးကြေငြာချက်

ဤအစီရင်ခံစာကို ၂၀၁၅ခုနှစ်အတွင်း LIFT က ရန်ပုံငွေ ပံ့ပိုးခဲ့သော စီမံချက်များမှ ရရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု နှင့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းတို့၏ ဘဏ္ဍာရေး အထောက်အပံ့ဖြင့် ရေးသားပြုစုထားပါသည်။ ဤအစီရင်ခံစာတွင် ရေးသားဖော်ပြထားသော အမြင်များသည် LIFT တွင် ထည့်ဝင်လှူဒါန်းထားကြသည့် အလှူရှင်များ၏ တရားဝင်အမြင်များဟု မယူဆနိုင်ပါ။



ဓါတ်ပုံများကို  Jacquetta Hayes, Anna Laming, Abigail Samuelsen, Hsu Mon Aung, Save the Children, Jennifer Macintyre, Minzayar Oo, Kaung Htet နှင့် Daniel Urrutia Carlos တို့မှ ရိုက်ကူးထားပါသည်။

၂၀၁၅ခုနှစ် LIFT နှစ်ပတ်လည် အစီရင်ခံစာ အပြည့်အစုံကို www.lift-fund.org တွင် ရယူနိုင်ပါသည်။

# အားလုံးပါဝင်စေသော အသွင်ပြောင်းလဲမှုဖြစ်စေရန် ဆောင်ရွက်ခြင်း




၂၀၁၀-၂၀၁၅ ခုနှစ် ကာလအတွင်း LIFT နှင့် ထိတွေ့ခဲ့သော မိသားစုအရေအတွက် စုစုပေါင်း

အလှူရှင်အများ စုပေါင်း ထည့်ဝင်ထားသည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (Livelihoods and Food Security Trust Fund - LIFT) သည် မြန်မာနိုင်ငံရှိ ကျေးလက်နေလူထုတို့၏ အာဟာရ ရရှိမှု တိုးတက်လာခြင်း၊ ဝင်ငွေရလမ်း အမျိုးမျိုးရှိလာခြင်း၊ သက်မွေးမှုလုပ်ငန်း ကျွမ်းကျင်မှု ဖြစ်ထွန်း လာခြင်းဖြင့် စီးပွားရေး အလားအလာ အပြည့်အဝ ရှိလာစေရန်အတွက် ၂၀၁၀ခုနှစ် မှစ၍ ပံ့ပိုးကူညီခဲ့သည်။

ကျွန်ုပ်တို့အနေဖြင့် အားလုံးပါဝင်သော တိုးတက်မှုကို ဖြစ်ထွန်းစေခြင်း၊  လုပ်ကွက်ငယ်တောင်သူများ နှင့် မြေမဲ့ယာမဲ့များအတွက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးတွင် ပါဝင်လာနိုင်မည့် အခွင့်အလမ်းများကို တိုးမြှင့်ပေးခြင်းတို့ဖြင့် မြန်မာ့ကျေးလက် စီးပွားရေး အသွင်ပြောင်းလဲမှုကို ထောက်ပံ့သည်။ အသိအမြင်အသစ်၊ နည်းပညာအသစ်၊ ငွေကြေး နှင့် ဈေးကွက်လက်လှမ်းမီမှုတို့ကို LIFTက ဖြည့်ဆည်းပေးသည်။ ထို့ပြင် ကျေးလက်နေ နွမ်းပါးသူတို့၏ဘဝကို တိုးတက်ကောင်းမွန်စေမည့် မူဝါဒများ ရေးဆွဲရေးအတွက် ကျောထောက်နောက်ခံပြုရမည့် အထောက်အထား အချက်အလက်များကို ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံ၏ ကျေးလက်နေလူထု၏ ၁၀ရာခိုင်နှုန်းခန့် ဖြစ်သော လူပေါင်း သုံးသန်းခွဲကျော်ထံသို့ LIFT၏ အထောက်အပံ့တို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။

မြန်မာ့ကျေးလက်အနေအထားသည် မူဝါဒအပြောင်းအလဲများ၊ အခွင့်အလမ်းသစ်များနှင့် လျော်ညီစွာ အလျင်အမြန် ပြောင်းလဲနေကြောင်းကို LIFT၏ အိမ်ထောင်စုစစ်တမ်းတို့က ဖော်ပြနေသည်။ ထို့ကြောင့် LIFTသည်လည်း အသင့်လျော်ဆုံးနှင့် အကျိုးသက်ရောက်မှု ကောင်းကောင်း ရရှိစေရန်အတွက် ယင်း၏ မဟာဗျူဟာကို ၂၀၁၄ခုနှစ် နှစ်ကုန်တွင် ပြင်ဆင်မွမ်းမံခဲ့သည်။ ၂၀၁၅ခုနှစ်တွင် ရန်ပုံငွေ တောင့်တောင့် တင်းတင်း ဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်ဒေသ၊ ရခိုင်ဒေသ နှင့် တောင်တန်းဒေသတို့အတွက် စီမံကိန်းအသစ်များကို ရေးဆွဲခဲ့ပြီး ပဋိပက္ခဒဏ်ခံနယ်မြေများသို့ပါ LIFT၏ လုပ်ငန်းတို့ကို တိုးချဲ့ခဲ့သည်။

ဦးတည်အကျိုးခံစားခွင့်ရှိသူများအား စီးပွားရေး တန်ဖိုးကွင်းဆက်များသို့ "တက်လှမ်း" နိုင်စေရန်၊ ဝမ်းစာ မဖူလုံသော လယ်ယာလုပ်ငန်းမှ ပို၍ဝင်ငွေကောင်းသော စိုက်ပျိုးရေး နှင့် စိုက်ပျိုးရေးပြင်ပ အထောက်အပံ့ လုပ်ငန်းများထံသို့ "ထွက်ခွာ" နိုင်စေရန်၊ နောင်အခါတွင် "တက်လှမ်း" သို့မဟုတ် "ထွက်ခွာ" နိုင်ရေးအတွက် သက်မွေးမှုလုပ်ငန်းကျွမ်းကျင်မှုများ ရရှိရန်နှင့် အာဟာရပြည့်ဝစေရန် တနည်းဆိုသော် "တောင့်ထား" နိုင်ရန် အတွက် ပံ့ပိုးကူညီရန် LIFTက ဦးတည်ပါသည်။

LIFTကို ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ယူနိုက်တက်ကင်းဒမ်း နှင့် အမေရိကန်ပြည်ထောင်စုတို့က ထောက်ပံ့ထားပြီး မစ်ဆူဘီရှီ ကော်ပိုရေးရှင်းသည် ပထမဆုံး ပုဂ္ဂလိကကဏ္ဍမှ အလှူရှင် ဖြစ်သည်။ အကူအညီ ထိရောက်စေရေး အတွက် ရန်ပုံငွေကို စုပေါင်းကာ အသုံးပြုသည်။ UNOPS၏ စီမံအုပ်ချုပ်မှုဖြင့် အလှူရှင်တို့၏ ဆန္ဒနှင့်အညီ ရန်ပုံငွေအဖွဲ့၏ လုပ်ပိုင်ခွင့်သက်တမ်းကို နှစ်ကြိမ်တိုင်တိုင် တိုးချဲ့ခဲ့ပြီး လုပ်ငန်းများကို ၂၀၁၈ခုနှစ် နှစ်ကုန်ထိ ဆောင်ရွက်ရန် မျှော်မှန်းထားသည်။

# ရလဒ်

## LIFTသည် ရလဒ်ကောင်းများကို ဆက်လက်ပေးနေဆဲ ဖြစ်သည်

လုပ်ငန်းသက်တမ်း ၆နှစ်မြောက်ဖြစ်သော ၂၀၁၅ခုနှစ်တွင်လည်း LIFTသည် ကျေးလက်နေလူထု၏ ဝင်ငွေတိုးတက်မှု၊ ကြံ့ကြံ့ခံနိုင်မှု၊ အာဟာရပြည့်ဝမှု ဆိုသည့် ရလဒ်ကောင်းတို့ကို လျာထားချက် ပြည့်မီရုံမျှမက ကျော်လွန်ခဲ့သည်။

- လူပေါင်း ၂သန်းကျော်သည် သိသာစွာ ရိက္ခာဖူလုံလာခဲ့သည်။
- လူပေါင်း ၆၈၀,၀၀၀သည် ဝင်ငွေတိုးလာသော အိမ်ထောင်စုများမှ ဖြစ်သည်။
- လူပေါင်း ၈၈၀,၀၀၀ သည် အိမ်ထောင်စုများ၏ ကြံ့ကြံ့ခံနိုင်မှုကို တိုင်းတာသည့် စံတခုဖြစ်သော အိမ်အသုံးအဆောင်ပစ္စည်းများ တိုးလာသော အိမ်ထောင်စုများမှ ဖြစ်သည်။


အသက်၅နှစ်အောက် ကလေးများတွင် ဖြစ်ပွားနေသော ပုညှက်မှုသည်လည်း ၉ရာခိုင်နှုန်း လျော့ကျသွားသဖြင့် သိသာသော တိုးတက်မှုပင် ဖြစ်သည်။ ဤလျော့ကျမှု၏ အကြောင်းရင်းခံကို ပိုမိုနားလည်အောင် ဆက်လက်သုံးသပ်ရန် လိုအပ်မည် ဖြစ်သည်။

အခြားသိသာသော ရလဒ်တို့တွင် စည်းကမ်းနှင့်ညီသော ငွေကြေးဝန်ဆောင်မှုများ အသုံးပြုမှု သိသာစွာ တိုးတက်ခြင်း နှင့် သီးနှံအထွက်တိုးခြင်းတို့ ပါဝင်သည်။ LIFTသည် အမျိုးသမီးတို့ကို ဆက်လက် ထောက်ပံ့နေပြီး အထူးသဖြင့် မိခင်ဘဝတွင် အာဟာရပြည့်ဝစေရန်၊ ငွေရေးကြေးရေးနှင့် ပတ်သက်၍ ပိုမို သိရှိစေရန်၊ ချေးငွေများကို ပိုမို လက်လှမ်းမီစေရန် ဆောင်ရွက်လျက်ရှိသည်။ LIFTမှ ထောက်ပံ့ထားသော အသေးစားငွေရေးကြေးရေးလုပ်ငန်းတို့၏ ဝန်ဆောင်မှုအသုံးပြုသူ ၉၃%မှာ အမျိုးသမီးများ ဖြစ်ကြသည်။ ထို့ပြင် အလုပ်နှင့်ငွေဖလှယ်သည့် လုပ်ငန်းများတွင် အမျိုးသမီး နှင့် အမျိုးသားတို့ကို လုပ်အားခ ညီတူညီမျှ ပေးချေစေခဲ့သည်။

နွမ်းပါးသည့် အခြေအနေတွင်းမှ အားလုံး ထွက်ခွာနေကြပြီဖြစ်သည်။ LIFTက လုပ်ငန်းဆောင်ရွက်နေသော ကျေးရွာများတွင် တစ်လလျှင် ကျပ် ၅၀,၀၀၀ အောက်သာ ဝင်ငွေရှိသည်ဟု တင်ပြကြသော အိမ်ထောင်စုမှာ ၂၀၁၃ခုနှစ် နောက်ပိုင်း၌ ၃၃% လျော့ကျသွားပြီး တစ်လလျှင် အနည်းဆုံး ကျပ်၁၀၀,၀၀၀ ဝင်ငွေရှိသည့် အိမ်ထောင်စုအရေအတွက်မှာ ၂၄% တိုးလာသည်။


၂၀၁၅ခုနှစ်တွင် တတိယအကြိမ် အိမ်ထောင်စုစစ်တမ်းကို ကျယ်ကျယ်ပြန့်ပြန့် ကောက်ယူခဲ့သည်။ စီးပွားရေး လွတ်လပ်ခွင့်ရလာခြင်းကြောင့် နေရာတိုင်းလိုလိုမှာပင် ကျေးလက်စီးပွားရေး တိုးတက်ကောင်းမွန်လာကြောင်း စစ်တမ်းရလဒ်များက ပြနေသည်။

LIFT ကျေးရွာများရှိ အိမ်ထောင်စုများက တင်ပြသော လအလိုက် ဝင်ငွေအခြေအနေ



# အောင်မြင်ပြီးစီးခဲ့သော ရလဒ်များ


## ၂၀၁၀ - ၂၀၁၅



LIFT ၏ ပံ့ပိုးမှုများသည်
လူဦးရေ

**၃.၆ သန်း**

ကို ရောက်ရှိခဲ့ပြီ ဖြစ်သည်



လူဦးရေ **၁ သန်း** သည်

LIFT မှ ထောက်ပံ့ပေးသည့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများမှ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများကို ရရှိကြပြီး ၎င်းတို့ထဲမှ ၉၃% မှာ အမျိုးသမီးများ ဖြစ်ကြသည်



လူဦးရေ

**၂.၁ သန်း**

ခန့်သည်
တစ်လထက်ပို၍ စားနပ်ရိက္ခာ ဖူလုံလာကြသည်



အသက် ၅
နှစ်အောက်
ကလေးငယ်များ၏
ပုညက်မှုနှုန်းကို

**၉%**

အထိ လျော့ကျစေခဲ့သည်
(၃၂% မှ ၂၉% သို့)



အိမ်ထောင်စုပေါင်း

**၁၅၄,၀၀၀** ခန့်က

ဝင်ငွေတိုးတက်လာသည်ဟု တင်ပြကြသည်



အိမ်ထောင်စုပေါင်း

**၁၉၆,၀၀၀** ခန့်


အာဟာရပိုမိုပြည့်ဝစွာ စားသုံးလာကြသည်



အရပ်ဘက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်

**၃၅၇,၀၀၀** သည်

LIFT ရန်ပုံငွေထောက်ပံ့သော သင်တန်းများတွင် တက်ရောက်ခဲ့ကြသည်



အိမ်ထောင်စုပေါင်း

**၄၃,၀၀၀** ခန့်

ဈေးကွက်အချက်အလက်နှင့် အချိတ်အဆက်များ ရရှိခဲ့ကြသည်



အိမ်ထောင်စုပေါင်း

**၃၂,၀၀၀** သည်

ကျေးရွာလည်ပတ်ရန်ပုံငွေ ပံ့ပိုးမှုများ ရရှိခဲ့ကြသည်

# ၂၀၁၅ ခုနှစ်ကို ပြန်ပြောင်းကြည့်သော်



## ဇန်နဝါရီ

ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းအသစ်အတွက် အဆိုပြုလွှာများကို LIFTမှ ခေါ်ယူခဲ့သည်။ ဤနှစ်အတွင်း စတင်မည့် ကန်ဒေါ်လာ၁၅၈သန်း တန်ဖိုးရှိသည့် စီမံကိန်းအသစ်များ အတွက် အဆိုပြုလွှာ ၇ကြိမ် ခေါ်ဆိုရန်ရှိသည့်အနက် ပထမဆုံးအကြိမ် ခေါ်ယူခြင်းဖြစ်သည်။

## မတ်

မစ်ဆူဘီရှီကော်ပိုရေးရှင်းသည် LIFTတွင် ပါဝင်လာသော ပထမဆုံး ပုဂ္ဂလိကကဏ္ဍမှ အလှူရှင် ဖြစ်လာသည်။ စက်တင်ဘာလတွင် လူဇင်ဘတ် နှင့် အီတလီနိုင်ငံတို့ လည်း အလှူရှင်အဖွဲ့တွင် ပါဝင်လာသည်။





## မေ

အမျိုးသား အာဟာရသုတေသနဌာနနှင့် အာဟာရကဏ္ဍ မိတ်ဖက်အဖွဲ့ LEARN တို့နှင့်အတူ LIFTသည် ရက် ၁၀၀၀ မိခင်-ကလေး အာဟာရ ကောင်းမွန်ရေး ဗီဒီယိုကို မီဒီယာများသို့ တရားဝင် ထုတ်ပြန်ခဲ့သည်။ ယင်းဗီဒီယိုကို တိုင်းရင်းသား ဘာသာစကား ၁၁မျိုးသို့ ပြန်ဆိုခဲ့ပြီး ရုပ်သံ ရေဒီယိုတို့မှ တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်လျက်ရှိသည်။

## ဇွန်

LIFT ရန်ပုံငွေဘုတ် အဖွဲ့ဝင်တို့ သည် တောင်တန်းဒေသ စီမံကိန်းအသစ် ရေးဆွဲရာတွင် အချက်အလက်များ ရရှိနိုင်ရန် နိုင်ငံ၏ အရှေ့တောင်ပိုင်းသို့ ကွင်းဆင်းလေ့လာခဲ့သည်။





## ဩဂုတ်

မိုးသည်းထန်မှုကြောင့် နိုင်ငံအဝန်းတွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုတို့ကို ခံစားခဲ့ကြရသည်။ ရေဘေးသင့် ပြည်သူ ၃၆၀,၀၀၀ တို့ ပြန်လည် ထူထောင်ရေးအတွက် LIFTက ထောက်ပံ့ခဲ့သောရန်ပုံငွေမှာ နှစ်ကုန်ချိန်တွင် ကန်ဒေါ်လာ ၄.၃သန်းအထိ ရှိခဲ့သည်။

## အောက်တိုဘာ

LIFT၏ ပြောင်းလဲမှုဆိုင်ရာသီအိုရီနှင့် စီမံကိန်းသစ်များအတွက် ယုတ္တိဗေဒ မူဘောင်တို့ကို ရန်ပုံငွေစီမံခန့်ခွဲရေးရုံးက အချောသတ်ခဲ့သည်။






## နိုဝင်ဘာ

၂၀၁၅ခုနှစ်တွင် LIFT၏ လေ့လာချက်စာတမ်းများ စုစည်းထားသည့် စာကြည့်တိုက်တွင် သုတေသနအစီရင်ခံစာနှင့် စစ်တမ်း ၁၆စောင် ထပ်တိုးလာသည်။ ယင်းတို့ကို စီမံကိန်းပုံစံများ ပိုမိုကောင်းမွန်လာစေရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မူဝါဒများ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန် အသုံးပြုသည်။

# ကျွန်ုပ်တို့၏ လုပ်ငန်းနယ်မြေ

၂၀၁၅ခုနှစ်အတွက် အဓိက ဦးတည်ချက်မှာ နိုင်ငံ၏ ပြောင်းလဲလာမှုအခြေအနေနှင့် ကိုက်ညီအောင် မွမ်းမံထားသော LIFT၏ မဟာဗျူဟာ များကို အသက်ဝင်စေရန် ဖြစ်သည်။ စီမံချက်အသစ် ၃၇ခုကို စတင်ပြီး ၂၈ခုကို ပြီးမြောက်ခဲ့သဖြင့် လက်ရှိ ဆောင်ရွက်ဆဲ စီမံချက်မှာ ၅၄ခု ရှိနေသည်။ အမျိုးစုံလင်ပြီး ပိုမိုကောင်းမွန်သော အသက်မွေးမှု၊ ပို၍ ကြံ့ကြံ့ခံနိုင်မှု၊ ကျန်းမာရေးနှင့် ပို၍ကိုက်ညီသော အာဟာရ ရရှိမှု၊ များပြားလာသော အခွင့်အလမ်းတို့ဖြင့် လူထုကို နွမ်းပါးမှုမှ ရုန်းထွက်လာနိုင်စေမည့် လုပ်ငန်းများကို ဆောင်ရွက်ရန် ရေးဆွဲထားသည်။

စီမံချက်များကိုလည်း ဒေသအခြေအနေနှင့် ကိုက်ညီအောင် ဖန်တီးထားသည်။ LIFT၏ လုပ်ငန်းဆောင်ရွက်နေသော စိုက်ပျိုး-ဂေဟ ဇုန်တိုင်းတွင် အောင်မြင်မှုများ ရရှိပြီး LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံချက်များ၊ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စီမံချက်များ နှင့် သုတေသနစီမံချက်များမှာလည်း တစ်နိုင်ငံလုံးတွင် လည်ပတ်လျက်ရှိသည်။

ကောက်နုတ်ချက်အချို့တွင် -

## ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ

- မြစ်ဝကျွန်းပေါ်ဒေသ၌ ဆန်စပါး တန်ဖိုးကွင်းဆက်တွင် ပါဝင်ဆောင်ရွက်မှုသည် ခရီးရောက်လျက်ရှိသည်_ LIFTက ထောက်ပံ့ထားသော ပညာပေးလုပ်ငန်းများမှာ တောင်သူ ၅၇,၀၀၀ သို့ ရောက်ရှိခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာန နှင့် ပူးပေါင်းကာ မျိုးစေ့ထုတ်လုပ်သူ ၉၀ တို့က မျိုးစစ်မျိုးမှန် မျိုးစပါးတင်းပေါင်း ၇,၇၀၀ ကို ထုတ်လုပ်ခဲ့ပြီး စပါးသိုလှောင်ရုံ ၁၈လုံးကို တည်ဆောက်ခဲ့သည်။ ရိတ်သိမ်းချိန်လွန် နည်းပညာအသစ်များကို စမ်းသပ်ပြီး ကိုက်ညီအောင် ပြုလုပ်ကာ မိတ်ဆက်ပေးခဲ့သည်။။ တောင်သူအုပ်စု ၂၂စု သည် သွင်းအားစုဝယ်ယူရာတွင် စည်းကမ်းချက်များ ပိုကောင်းစေရန် နှင့် သီးနှံရောင်းချရာတွင် ဈေးပိုရရှိရန် ဆန်စက်လုပ်ငန်းရှင် ၈ဦး၊သွင်းအားစု ပေးသွင်းသူ ၂ဦးတို့နှင့် စာချုပ်ချုပ်ဆိုခဲ့သည်။

## အပူပိုင်းဇုန်

- အပူပိုင်းဇုန်တွင် LIFT၏ အထောက်အပံ့ခံ အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများမှ ကျေးရွာ ၃၀၅ရွာ ရှိ ချေးငွေ/စုငွေ ဝန်ဆောင်မှု ရယူသူအသစ် ၃၅,၀၀၀ ဦးရေ ကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။ ထို့ပြင် ကုန်သွယ်ရေး၏ ဗဟိုချက်ဖြစ်သည့်အပြင် ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူတို့၏ အခြေအမြစ်ဖြစ်သော ဒေသနှင့်လျော်ညီသော ချေးငွေပုံစံအသစ် တို့ကိုလည်း ဖန်တီးပေးနိုင်ခဲ့သည်။


## တောင်တန်းဒေသ

- တောင်တန်းဒေသတွင် LIFT၏ မိတ်ဖက်အဖွဲ့များမှ ကြက်သွန်ဖြူနှင့် အာလူးသီးနှံတို့အတွက် ဘက်စုံ ပိုးမွှားနှိမ်နင်းရေး သင်ရိုးညွှန်းတမ်းအသစ်ကို ပြုစုခြင်းဖြင့် တန်ဖိုးမြင့် ဟင်းသီးဟင်းရွက်ကဏ္ဍကို စီးပွားဖြစ်ထွန်းလာစေရန် ထောက်ပံ့ခဲ့သည်။ အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက် လူမှုအဖွဲ့အစည်းတို့ စုပေါင်းကာ ဤကဏ္ဍအတွက် အားလုံးပါဝင်စေသော မဟာဗျူဟာကို ရေးဆွဲမည့် ပတ်သက်ဆက်နွယ်သူပေါင်းစုံ ပါဝင်သော ဟင်းသီးဟင်းရွက်ကဏ္ဍ အရှိန်မြှင့် တိုးမြင့်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းနိုင်ရန် LIFTက ဆောင်ရွက်ပေးခဲ့သည်။


## ရခိုင်ဒေသ

- ရခိုင်ဒေသတွင် LIFT၏ မိတ်ဖက်အဖွဲ့တို့ တည်ဆောက်ခဲ့သော အလျား ၁၄၈ကီလိုမီတာ ရှိသည့် ရေကာတာတို့၏ ၉၄ရာခိုင်နှုန်းသည် ဆိုင်ကလုန်း ကိုမန်မုန်တိုင်း၏ ဖျက်ဆီးမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့ကြသည်။ စိုက်ပျိုးမြေ ဧက ၂၂,၀၀၀ ကို ကာကွယ်ပေးမည့် ဤရေကာတာများကို အလုပ်နှင့်ငွေဖလှယ်မှုအစီအစဉ်ဖြင့် တည်ဆောက်ခဲ့ရာ လူပေါင်း ၂၆,၀၀၀တို့ အတွက် အခြေခံဝင်ငွေကို ဖန်တီးပေးခဲ့သည်။

LIFTသည် ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း စီမံချက် ၁၃၀ ကို ငွေကြေးထောက်ပံ့ခဲ့သည်။ ကျွန်ုပ်တို့၏ မိတ်ဖက်အဖွဲ့များတွင် ပြည်တွင်း နှင့် ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ နှင့် သုတေသနဌာနများ၊ ပုဂ္ဂလိက ကဏ္ဍများ ပါဝင်သည်။ LIFT သည် နိုင်ငံတော်အစိုးရကိုလည်း နည်းပညာအထောက်အပံ့ နှင့် လုပ်ငန်းဆောင်ရွက်မှုတွင် အထောက်အကူဖြစ်စေရန် ပံ့ပိုးပေးလျက်ရှိသည်။




စိုက်ပျိုးရေး-ဂေဟဇုန်အလိုက် ရန်ပုံငွေ ခွဲဝေမှု
၂၀၁၀ - ၂၀၁၅



# စီမံကိန်းအသစ် ၆ခု

၂၀၁၅ခုနှစ်တွင် LIFT၏ စီမံကိန်းအသစ်များအတွက် လက်ခံရရှိသော အဆိုပြုလွှာ ၁၈၄ စောင်ကို စီစစ်ခြင်း၊ ရွေးချယ်ခြင်းကိုသာ အဓိက ဆောင်ရွက်ခဲ့ရသည်။ နှစ်ကုန်ခန့်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန် နှင့် ရခိုင်ဒေသ တို့အတွက် စီမံကိန်းများနှင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံကိန်းတို့ ရုပ်လုံးပေါ်လာသည်။ အဆိုပါ စီမံကိန်းများကို ၂၀၁၅ ခုနှစ်တွင် လုပ်ငန်းစတင်ကာ ၂၀၁၈ခုနှစ် နှစ်ကုန်ထိ ဆောင်ရွက်သွားမည်။

## ရခိုင်ဒေသစီမံကိန်း

| အဖွဲ့အစည်းအမည် | စီမံချက်အမည် | အဓိကလုပ်ငန်းများ |
|---|---|---|
| Better Life Organization | တက်လမ်းရေရှည်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း ၂ | ကျောက်ဖြူမြို့နယ် ဘုံငါးဖမ်းလုပ်ငန်း |
| Care International in Myanmar | တက်လမ်း ၂ အတွက် စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် သင်ယူခြင်း | တက်လမ်းစီမံကိန်းအတွက် စောင့်ကြည့်အကဲဖြတ်ခြင်း |
| Care International in Myanmar | ရသေ့တောင်မြို့နယ်ရှိ ရပ်ရွာများ၊ အိမ်ထောင်စုများ တွင် ရိက္ခာဖူလုံရေး၊ ကြံ့ကြံ့ခံနိုင်ရေး၊ စည်းလုံးရေးအတွက် ထောက်ပံ့ခြင်း | ရသေ့တောင်မြို့နယ်တွင် စိုက်ပျိုးရေး၊ သစ်တော၊ တကိုယ်ရည် သန့်ရှင်းမှု၊ လူမှုရေးတွင် အားလုံးပါဝင်စေမှု၊ ငွေရေးကြေးရေးဆိုင်ရာ စုစည်းညီညာမှု |
| International  Rescue Committee | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း ၂ | စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ အာဟာရ၊ ရေနှင့်သန့်ရှင်းရေး၊ ကျေးရွာ ငွေစု/ ငွေချေးအသင်းများ၊ မင်းပြားနှင့် မြေပုံမြို့နယ်တို့တွင် အုပ်ချုပ်ရေးကဏ္ဍအတွက် ဆောင်ရွက်ခြင်း |
| Mercy Corps/ East West Seeds/ Swisscontact | ဟင်းသီးဟင်းရွက်ဈေးကွက် အကောင်အထည်ဖော်ခြင်း | စစ်တွေမြို့နယ်တွင် စိုက်ပျိုးရေးသင်တန်းပေးခြင်း၊ ဈေးကွက်မီအောင် ဆောင်ရွက်ခြင်း |
| Oxfam GB | တက်လမ်းရေရှည်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း ၂ | ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေး ကဏ္ဍအတွက် ဆောင်ရွက်ခြင်း |
| Save the Children | တက်လမ်းရေရှည်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း ၂ | စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ မိခင်နှင့် ကလေးများကို ငွေကြေးပံ့ပိုး ခြင်းဖြင့် အာဟာရ ပြည့်ဝအောင် ဆောင်ရွက်ခြင်း၊ ရေနှင့်သန့်ရှင်းရေး၊ ကျေးရွာငွေစု/ ငွေချေးအသင်းများ၊ ပေါက်တော၊ မင်းပြား၊ မြေပုံမြို့နယ် များတွင် အုပ်ချုပ်ရေးကဏ္ဍအတွက် ဆောင်ရွက်ခြင်း |

# မြစ်ဝကျွန်းပေါ်ဒေသ စီမံကိန်း

| အဖွဲ့အစည်းအမည် | စီမံချက်အမည် | အဓိကလုပ်ငန်းများ |
|---|---|---|
| International Organization for Migration | ရွှေ့ပြောင်းသွားလာမှုကို အသက်မွေးမှု မဟာဗျူဟာ အဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုခြင်း | ရွှေ့ပြောင်းသွားလာမှု နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ သုတေသန၊ ရွှေ့ပြောင်းသွားလာမည့်သူများ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းနိုင်ရေးကို ထောက်ပံ့ခြင်း၊ ရွှေ့ပြောင်းသွားလာမှုမှ အကျိုးအများဆုံး ဖြစ်ထွန်းစေရန် သက်ဆိုင်ရာအိမ်ထောင်စုများသို့ ထောက်ပံ့ခြင်း |
| Link Emergency Aid And Development | လယ်မဲ့မြေမဲ့ တောင်သူတို့၏ အသက်မွေးမှုနှင့် ရိက္ခာဖူလုံမှုကို ထောက်ပံ့ခြင်း | အဓိကအားဖြင့် ကျေးလက်ဒေသ လယ်ယာပြင်ပ စီးပွားရေးမှ ဝင်ငွေအမျိုးမျိုးရရှိစေရန် ထောက်ပံ့ခြင်းဖြင့် လယ်မဲ့မြေမဲ့တို့၏ သက်မွေးမှုကို အားဖြည့်ပေးခြင်း |
| Mercy Corps/ Swisscontact/ Ar Yone Oo | လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း ကျွမ်းကျင်မှု အလုပ်အကိုင်တို့ဖြင့် ဝင်ငွေတိုးစေခြင်း | သွင်းအားစုပေးသွင်းခြင်း၊ ဝန်ဆောင်မှုတိုးချဲ့ခြင်း၊ စက်ကိရိယာငှားရမ်းခြင်း နှင့် ငှားဝယ်စနစ်ဖြင့် ရောင်းခြင်း၊ ချေးငွေလက်လှမ်းမီစေခြင်း၊ စက်ပိုင်များ နှင့် အကျိုးတူလယ်ယာ ဆောင်ရွက်ခြင်း အပါအဝင် ဝန်ဆောင်မှုပေးသော လုပ်ငန်းများ အတွက် တောင်သူ ထုတ်လုပ်သူများကို ထောက်ပံ့ခြင်း၊ မြေမဲ့ယာမဲ့ အိမ်ထောင်စုများကို သက်မွေးမှု၊ စီးပွားရေး၊ နှင့် လူမှုဆက်ဆံရေး ကောင်းမွန်ရေး၊ ရွှေ့ပြောင်း သွားလာမှု ဆိုင်ရာ အချက်အလက်များ နှင့် ရန်ကုန်ရှိ လုပ်ငန်းရှင်များ နှင့် ချိတ်ဆက်ပေးခြင်းတို့ဖြင့် ထောက်ပံ့ခြင်း။ |
| Metta Development Foundation | အားလုံးပါဝင်စေသော တိုးတက် ထွန်းကားမှုနှင့် ရေရှည်ခံသော ဖွံ့ဖြိုးမှုအတွက် တောင်သူများ စီမံခန့်ခွဲသော စီမံချက်များကို ဖြစ်ထွန်းစေခြင်း | လယ်ယာအကြံပေးဝန်ဆောင်မှု၊ ရိတ်သိမ်းချိန်လွန် နည်းပညာ နှင့် စုပေါင်းသိုလှောင်မှု၊ လယ်သမားအဖွဲ့အစည်းတို့ဖြင့် စပါးအထွက် အရည်အသွေး တန်ဖိုးတို့ကို တိုးတက်စေခြင်း။ |
| Radanar Ayar | ဘက်စုံစိုက်ပျိုး - စီးပွားလုပ်ငန်း နှင့် ကျေးလက်ဖွံ့ဖြိုးရေး | ဒေသတွင်း မျိုးစေ့ထုတ်လုပ်သူများ၊ ရိတ်သိမ်းချိန်လွန် တိုးတက်ကောင်းမွန်မှု၊ တောင်သူ ဦးဆောင်သော လုပ်ငန်းတိုးချဲ့မှု၊ စုပေါင်းရောင်းချမှု၊ ပုဂ္ဂလိကနှင့် အကျိုးတူ လယ်ယာစိုက်ပျိုးမှု တို့ကို ထောက်ပံ့ခြင်း |
| Save the Children | ကြံ့ကြံ့ခံမှု၊ အာဟာရ ပြည့်ဝ ရေး စုပေါင်းဆောင်ရွက်မှု တို့ကို တည်ဆောက်ခြင်း | (သန္ဓေသားဘဝမှ ကလေး၏ နှစ်နှစ်မြောက်မွေးနေ့ အထိ) ရက်၁၀၀၀ အတွင်းရှိ မိခင်နှင့်ကလေးများကို ငွေကြေးပံ့ပိုးခြင်း နှင့် အမူအကျင့်ဆိုင်ရာ ပြောင်းလဲမှု အတွက် ဆက်သွယ်ဆောင်ရွက်ခြင်း |
| Welthungerhilfe/GRET | ရေရှည်စီးပွားရေးဖြစ်ထွန်း မှုအတွက် မြစ်ဝကျွန်းပေါ် ကျေးလက်ဒေသ အား အလေးထားခြင်း | တောင်သူ ထုတ်လုပ်သူ အုပ်စုများကို ထောက်ပံ့ခြင်း၊ မြေမဲ့ယာမဲ့နှင့် ထိခိုက်လွယ် အိမ်ထောင်စုများ၊ လုပ်ကွက်ငယ် တောင်သူများကို ဒေသတွင်း လယ်ယာပြင်ပ သက်မွေးမှုလုပ်ငန်းများအတွက် ထောက်ပံ့ခြင်း၊ အာဟာရကောင်းမွန်မှု နှင့် အခြေခံတကိုယ်ရည် သန့်ရှင်းမှု အလေ့အကျင့်တို့ကို ဖြစ်ထွန်းစေခြင်း |
| World Fish/ NAG, GRET, PACT, Department of Fisheries | အသေးစား ငါးမွေးမြူရေး လုပ်ငန်း ရေရှည် ဖြစ်ထွန်းစေခြင်း | လုပ်ကွက်ငယ်တောင်သူများကို လယ်ယာလုပ်ငန်းခွင် သုတေသနပြုစေခြင်း၊ အိမ်ထောင်စု အခြေပြု အသေးစား ငါးမွေးမြူရေးလုပ်ငန်းများကို(ကန်၊ လှောင်အိမ်၊ လယ်ကွင်း) တိုးချဲ့ခြင်း |
| World Vision International-Myanmar | ဘိုကလေးတွင် အသက်မွေးဝမ်းကျောင်းမှုများကို ဖြစ်ထွန်းစေခြင်း | ဈေးကွက်၊ လုပ်အား၊ တန်ဖိုးကွင်းဆက်ဆိုင်ရာ သုံးသပ်ချက်တို့မှရသော အချက်အလက်များအရ သက်မွေးမှု နည်းလမ်းအမျိုးမျိုး ဖြစ်ထွန်းစေရန် မြေမဲ့ယာမဲ့နှင့် ထိခိုက်လွယ်သောအိမ်ထောင်စုများကို ထောက်ပံ့ခြင်း၊ ငွေစု/ချေးမှုများကို လက်လှမ်းမီစေခြင်း၊ အာဟာရနှင့် တကိုယ်ရည် သန့်ရှင်းမှု ဆိုင်ရာ အလေ့အကျင့်များကို ပြောင်းလဲပေးမည့် ကျန်းမာရေး နှင့် ပတ်သက်ဆက်နွယ်သူတို့ကို ထောက်ပံ့ခြင်း၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှု စီမံချက်အပါအဝင် ရပ်ရွာအခြေပြု အဖွဲ့အစည်း များ၏ လုပ်ငန်းစီမံချက်များကို ထောက်ပံ့ခြင်း |

# အပူပိုင်းဇုန်စီမံကိန်း

| အဖွဲ့အစည်းအမည် | စီမံချက်အမည် | အဓိကလုပ်ငန်းများ |
|---|---|---|
| ActionAid | နယ်မြေဖွံ့ဖြိုးရေးအတွက် လူမှု စီးပွားရေး ကွန်ရက် | အခွင့်အရေးမရသော အမျိုးသမီးများကို သက်မွေးမှုသင်တန်း၊ အလုပ်အကိုင်၊ လူမှုရေး ဝန်ဆောင်မှုများ ပေးအပ်ခြင်း |
| FAO Livestock | မွေးမြူထားသော တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ် စွမ်းအားနှင့် ဈေးကွက်တင်ခြင်း တို့ကို ကောင်းမွန်စေခြင်း ဖြင့် အပူပိုင်းဇုန်ရှိ တောင်သူများ၏ အသက်မွေးမှုကို တိုးတက်ကောင်းမွန်စေခြင်း။ | မူဝါဒအဆင့်လုပ်ငန်း၊ ပတ်ဝန်းကျင် သာမက စီးပွားရေးအရပါ အားထားရလောက်သည့် မွေးမြူရေး လုပ်ငန်းကို ဖြစ်ထွန်းစေမည့် အကောင်းဆုံး လုပ်နည်းလုပ်ဟန်များ ရေးသားပြုစုခြင်း |
| Golden Plain | သစ်စိမ်းမြေဩဇာကျွေးခြင်း၊ သီးနှံစနစ်ကို ပြုပြင်ခြင်းဖြင့် မြေဆီလွှာကို ကောင်းမွန်စေကာ ရေရှည်သီးထွက် ရရှိစေခြင်း | သစ်စိမ်းမြေဩဇာကိုသုံးကာ ရေရှည်ခံသော သီးနှံထုတ်လုပ်မှုကို အားပေးခြင်း၊ ထပ်ဆောင်း ကုန်ကျစရိတ်များ၊ သီးနှံပုံစံကို ပြောင်းလဲရမည့် အချက်များ၊ သစ်စိမ်းမြေဩဇာသုံးစွဲခြင်းဖြင့် ရနိုင်သော အကျိုးကျေးဇူးများကို စမ်းသပ်ကွက်များဖြင့် ဖော်ထုတ်မည် |
| HelpAge International (Myanmar) | အပူပိုင်းဇုန် လူမှုကာကွယ် စောင့်ရှောက်ရေး | လက်ရှိ ကျေးရွာအခြေပြု လူမှုကာကွယ်စောင့် ရှောက်ရေး အစီအစဉ်များကို ထောက်ပံ့ရန်၊ သက်ကြီး လူမှုရေးပင်စင် ပေးအပ်နေသော နိုင်ငံတော်အစိုးရ ၏ စီမံကိန်းနှစ်ခုကို ပံ့ပိုးရန်၊ မသန်စွမ်းတို့ကို ထောက်ပံ့ရန် |
| International Fertilizer Development Centre | အပူပိုင်းဇုန် စိုက်ပျိုးရေးသွင်းအားစု နှင့် လယ်ယာလုပ်ငန်းဝန်ဆောင်မှု စီမံချက် | စိုက်ပျိုးရေးကဏ္ဍ အကြံပေးလုပ်ငန်းများကို တရားဝင် တိုးချဲ့ဝန်ဆောင်မှု လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကကဏ္ဍတို့ နှင့် လက်တွဲဆောင်ရွက်ခြင်း |
| Lodestar Company Ltd./ SPPRG | ရပ်ရွာအခြေပြု လူမှုကာကွယ် စောင့်ရှောက်ရေးစနစ်များ - ကနဦး စီမံချက်၏ ထိရောက်မှု | မိခင်နှင့် ကလေးများကို ငွေကြေးထောက်ပံ့မှု နှင့် ကျေးရွာလည်ပတ်ရန်ပုံငွေ အပါအဝင် ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး |
| Myanmar Professional Social Workers Association | ကိုယ်ထူကိုယ်ထစနစ်ဖြင့် ထိခိုက်လွယ်သော ရပ်ရွာတို့၏ အာဟာရအဆင့်အတန်းကို တိုးတက်စေခြင်း။ | အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲခြင်း အတွက် ဆက်သွယ်ရေးဆိုင်ရာ ဆောင်ရွက်မှု |
| Save the Children | သင်ယူခြင်း အထောက်အထား ဖော်ထုတ်ခြင်း၊ မူဝါဒ အပြောင်းအလဲ ဖြစ်စေရန် ဆွေးနွေးတိုက်တွန်းဆောင်ရွက်ခြင်း။ | မိခင်နှင့် ကလေးများကို ငွေကြေးပံ့ပိုးသည့် ရက် ၁၀၀၀ ကာလ ထိရောက်မှု၏ နောက်ဆက်တွဲဆောင်ရွက်သည့် အာဟာရ စီမံချက် |
| Terre des Hommes | ဟင်းသီးဟင်းရွက် မြေမဲ့စိုက်ပျိုးခြင်း၊ ရေချွေတာသော နည်းပညာအသစ်များ | ချောင်ကျသောရွာများမှ မြေမဲ့ယာမဲ့နှင့် ဝမ်းစာ မလုံလောက်သော တောင်သူများအား ရေကို ထိရောက်စွာ အသုံးပြုပြီး အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကာ ဝင်ငွေနှင့် အာဟာရ ကောင်းမွန်စေရန် |
| UN-HABITAT | ရေနှင့်သန့်ရှင်းရေးလုပ်ငန်းများ မှ ပိုမို ကျန်းမာသောရပ်ရွာများသို့ | အာဟာရစီမံချက်နှင့် ချိတ်ဆက်လျက် ရေနှင့် သန့်ရှင်းမှုကို လက်လှမ်းမီစေရန် ရည်ရွယ်ပြီး အသိပညာပေးခြင်းဖြင့် တောထိုင်ခလေ့ ကို လုံးဝ ပပျောက်စေရန် ဖြစ်သည် |
| UNESCAP | ဘက်စုံကျေးလက် စီးပွား လူမှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် | စက်မှုလယ်ယာပြောင်းလဲခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ လယ်ယာလုပ်ငန်း တီထွင်ဆန်းသစ်မှု ဆိုင်ရာ သင်တန်းဆွေးနွေးပွဲများ ကျင်းပခြင်း |

# ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုစီမံကိန်း

| အဖွဲ့အစည်းအမည် | စီမံချက်အမည် | အဓိကလုပ်ငန်းများ |
|---|---|---|
| Cordaid Investments BV | တစ်ပိုင်းတစ်စ စွန့်စားရနိုင်ချေအတွက် အာမခံရန်ပုံငွေ | အသေးစား ငွေကြေးအဖွဲ့အစည်းများများ၏ စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း၊ အသေးစားငွေကြေးလုပ်ငန်းများအတွက် ရန်ပုံငွေကို လက်လှမ်းမီစေခြင်း။ |
| GRET | အပူပိုင်းဇုန်တွင် အသေးစား ငွေကြေးအဖွဲ့တစ်ခု ဖန်တီးခြင်း | အသေးစား ငွေကြေးအဖွဲ့အစည်းတစ်ခု ဖန်တီးကာ ဝင်ငွေနည်းသည့် လူထုသို့ တာဝန်ခံမှုရှိသော ငွေကြေးလုပ်ငန်းများ လက်လှမ်းမီစေခြင်း။ |
| GRET | ချင်း အသေးစားငွေကြေးအဖွဲ့/ ချင်းပြည်နယ်တွင် ရေဘေးသင့် ပြည်လည်ထူထောင်ရေး ဆောင်ရွက်ချက် | ချင်း အသေးစား ငွေကြေးအဖွဲ့ ကို အဖွဲ့အစည်း အသွင်ပြောင်းရာတွင် အားဖြည့်ပေးခြင်းဖြင့် ရေရှည်ရပ်တည်နိုင်သည့် ကျေးလက်ငွေကြေးဈေးကွက်ကို ဖြစ်ပေါ်စေခြင်း။ |
| International Finance Corporation | အားလုံးပါဝင်သော ငွေကြေးကဏ္ဍအတွက် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း။ | မြန်မာနိုင်ငံရှိ မြို့ပြဆင်ခြေဖုံးနှင့် ကျေးလက်ဒေသတို့ တွင် အသေးစားငွေကြေးလုပ်ငန်းဖွံ့ဖြိုးရေး။ |
| PACT (MARC) | ဖွဲ့စည်းပုံ အားကောင်းစေခြင်းဖြင့် ကျေးလက်ချေးငွေ ကို လက်လှမ်းမီစေခြင်း။ | ဦးတည်ထားသော ဝန်ဆောင်မှုအသုံးပြုသူများကို အဆင့်မီ အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ဒေသခံ အသေးစား ငွေကြေးလုပ်ငန်း များကို နည်းပညာစွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း။ |
| Pact Global Microfinance | ရေဘေးသင့်ဒေသများအတွက် ဆောင်ရွက်မှု | ချေးငွေများ လျှော်ပစ်ခြင်း၊ ချေးငွေ ထပ်မံထုတ်ပေးခြင်း၊ သက်မွေးမှုပြန်လည်ထူထောင်ရေး အတွက် ငွေကြေး ထောက်ပံ့ခြင်း။ |
| Pact Global Microfinance | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု (MAFIN)* | နွမ်းပါးသူများ အကျိုးဖြစ်ထွန်းရေးကို ဦးတည်သော အသေးစား ငွေကြေးလုပ်ငန်းများ |
| Pact Global Microfinance | ရခိုင်ပြည်နယ်တွင် ငွေကြေးဆိုင် ရာ အားလုံးပါဝင်စေမှုကို လက်လှမ်းမီစေခြင်း။(RAFIN)* | စိုက်ပျိုးရေးချေးငွေ၊ စီးပွားရေးလုပ်ငန်း အသေးစား ချေးငွေ၊ စုငွေ အပါအဝင် နွမ်းပါးသူများ အကျိုးကို ဦးတည်သည့် အသေးစား ငွေကြေးလုပ်ငန်းများ |
| Proximity Designs | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေခြင်း- ရှေ့သို့ဆက်လက်ခြင်း | သီးနှံ၊ စီးပွားရေးလုပ်ငန်း၊ ရွှေ့ပြောင်းသွားလာခြင်း နှင့် စက်ကိရိယာချေးငွေများ |
| UNCDF-MicroLead | မြန်မာနိုင်ငံတွင်းသို့ စုငွေဦးတည် အသေးစားငွေရေးကြေးရေး ဈေးကွက် ခေါင်းဆောင်များ ဝင်ရောက်လာရန် ထောက်ပံ့ခြင်း။ | ဂရင်းဖီး ငွေကြေး ဝန်ဆောင်မှု ပေးသူများနှင့် စုငွေ ဦးတည် ပုံစံဖြင့် တာဝန်ခံမှုရှိသော ငွေကြေးလုပ်ငန်းများကို ဝင်ငွေနည်းသည့် လူထုအား လက်လှမ်းမီစေခြင်း။ |
| Vision Fund International | ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး | ရေဘေးသင့် တောင်သူများနှင့် ငွေကြေးဝန်ဆောင်မှု အသုံးပြုသူများ၏ ချေးငွေများ လျှော်ပစ်ခြင်း၊ ငွေကြေး ထောက်ပံ့ခြင်း။ |
| World Vision Myanmar/ Vision Fund | တောင်တန်းဒေသတွင် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | နွမ်းပါးသူများ၏ အကျိုးဖြစ်ထွန်းရေးကို ဦးတည်သော အသေးစား ငွေကြေးလုပ်ငန်းများ |
| Yoma Bank | ရိုးမဘဏ်စိုက်ပျိုး - စီးပွားငွေကြေးစီမံကိန်း | ငှား - ဝယ် အစီအစဉ်၊ တစ်ဦးချင်းအလိုက် ငွေကြေးဆိုင်ရာ အကြံပေးခြင်း၊ ချေးငွေများ။ |

MAFIN - Myanmar access to financial inclusion

RAFIN - Rakhine Access to Financial Inclusion

# တောင်တန်းဒေသစီမံကိန်း

တောင်တန်းဒေသ စီမံကိန်းမူဘောင်ကို ၂၀၁၅ခုနှစ် ဇန်နဝါရီလအတွင်းက ဆောင်ရွက်ခဲ့သော ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ထားသည့် အစီရင်ခံစာအပေါ် အခြေခံကာ ရေးဆွဲထားသည်။ ၂၀၁၅ခုနှစ် ဇူလိုင်လအတွင်းတွင် ကောက်ယူခဲ့သော စီမံချက် စိတ်ကူးတင်ပြချက်များကို ခေါ်ယူပြီး စိစစ်ကာ အောက်တိုဘာလအတွင်းတွင် အဆိုပြုလွှာများကို ကန့်သတ်ကာ ခေါ်ယူခဲ့သည်။ ၂၀၁၆ခုနှစ် နှစ်ဆန်းတွင် ရန်ပုံငွေ ထောက်ပံ့ရန်အတွက် အဆိုပြုလွှာ ၆ စောင်ကို ရွေးချယ်ခဲ့ရာတွင် ဒေသခံNGOအဖွဲ့များ တင်သွင်းသော အဆိုပြုလွှာ သုံးစောင်လည်း ပါဝင်သည်။



# ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ စီမံကိန်း

ပြည်တွင်းပြည်ပ ရွှေ့ပြောင်းသွားလာသူများ၏ ကဏ္ဍသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးကြောင်း အသိအမှတ်ပြုသည့် အလျောက် LIFTရန်ပုံငွေဘုတ်အဖွဲ့သည် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ စီမံကိန်းသစ်အတွက် ကန်ဒေါ်လာ၁၈သန်းကို ၂၀၁၅ခုနှစ်တွင် ခွဲဝေချထားပေးခဲ့သည်။ မြေမဲ့ယာမဲ့ဖြစ်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ ဝင်ငွေနည်းခြင်းစသည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများရှိ စီးပွားရေးအခွင့်အလမ်းများနှင့် ပေါင်းစပ်လိုက်သောအခါ ပြည်ပသို့ ရွှေ့ပြောင်းသူများ ပိုမို များပြားလာသည်။ လုပ်အားရွှေ့ပြောင်းခြင်း၏ အကျိုးကျေးဇူးကို အရယူရန် နှင့် ဆိုးပြစ်များကို လျော့ပါးစေရန် အတွက် LIFTက ထောက်ပံ့ရန် ရည်မှန်းသည်။

LIFTသည် မိတ်ဖက်အဖွဲ့အသစ် နှစ်ဖွဲ့ဖြစ်သည့် International Organization for Migration (IOM) နှင့် International Labour Organization (ILO)တို့နှင့် လက်တွဲခဲ့သည်။ ယင်းတို့သည် လုပ်အား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒများအတွက် ခိုင်မာသည့် အထောက်အထားများကို တည်ဆောက်ကြမည် ဖြစ်သည်။ LIFT၏ မိတ်ဖက်အဖွဲ့များ၏ စီမံချက်များတွင် ရွှေ့ပြောင်းသွားလာခြင်းကဏ္ဍကိုပါ ထည့်သွင်းရန် IOMက နည်းပညာ ထောက်ပံ့သည်။ ၂၀၁၆ခုနှစ် နှစ်ဦးတွင် အသိပညာပေးဆောင်ရွက်ခြင်း၊ ကျွမ်းကျင်မှု တည်ဆောက်ခြင်း၊ ငွေကြေးအသုံးပြုမှုများကို နားလည်ခြင်း၊ ငွေကြေးဝန်ဆောင်မှုများ၊ ကိုက်ညီသော အလုပ်ရှာဖွေသည့် ဝန်ဆောင်မှုအသစ်များ စသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိစ္စရပ်များကို သီးခြားအကောင်အထည်ဖော်မည့် မိတ်ဖက်အဖွဲ့များအား အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်မည်။



# မုတ်သုန်ရာသီရေကြီးမှုကို အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ခြင်း

၂၀၁၅ ခုနှစ် ဇူလိုင်လနှောင်းပိုင်းနှင့် ဩဂုတ်လတို့တွင် ဆိုင်ကလုန်း ကိုမန်မုန်တိုင်း ဝင်ရောက်ပြီးနောက် နိုင်ငံ့နေရာ အများအပြားတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့ကို ခံစားခဲ့ရသည်။ ပြည်နယ်နှင့်တိုင်းဒေသ ၁၄ခုအနက် ၁၂ခုရှိ လူပေါင်း ၉သန်းကျော် ထိခိုက်ခဲ့ကြသည်။ အနည်းဆုံး လူပေါင်း ၁၇၂ဦး အသက်ဆုံးရှုံးခဲ့ရသည်။

အရေးပေါ်တုံ့ပြန်မှုကို အစိုးရက ဦးဆောင်သည်။ အသက်မွေးမှု အပျက်အစီးအနေဖြင့် လယ်ဧက၁.၄သန်း (၅၂၇,၀၀၀ ဟက်တာ)ကျော် ရေလွှမ်းခဲ့သည်။ စိုက်ဧက ၈၄၁,၀၀၀ကျော် (၃၄၁,၀၀၀၀ ဟက်တာ) ပျက်စီးခဲ့သည်။ မွေးမြူရေး တိရစ္ဆာန် ကောင်ရေ ၂၄၂,၀၀၀ခန့် သေဆုံးခဲ့သည်။

LIFTသည် အဆိုပါ ပျက်စီးဆုံးရှုံးရမှုများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်သည့် အနေဖြင့် ကန်ဒေါ်လာ၁သန်းကို အသက်မွေးမှု ပြန်လည်ထူထောင်ရန်နှင့် ရိက္ခာဖူလုံမှု ရရှိစေရန် ဩဂုတ်လမကုန်ခင်ပင် ခွဲဝေချထားပေးခဲ့သည်။ ယင်းရန်ပုံငွေဖြင့် မိတ်ဖက်အဖွဲ့များမှ အောက်ပါတို့ ဆောင်ရွက်ရန် ဖြစ်သည်_

- အဓိက အသက်မွေးမှုလုပ်ငန်းများကို ပြန်လည်စတင်ရန်၊
- အိမ်ထောင်စုများ၏ ကြွေးတင်မှုကို အနည်းဆုံးဖြစ်စေရန်၊
- ကြွေးဆုံးခြင်းကြောင့် LIFT၏ အသေးစားငွေကြေးဆိုင်ရာ မိတ်ဖက်အဖွဲ့များ၏ ရေရှည်တည်တံ့မှုကို သက်ရောက်မှု နည်းစေရန် အတွက် လည်းကောင်း၊ နွမ်းပါးသော အိမ်ထောင်စုများအနေဖြင့် အတိုးနှုန်းသက်သာသော ချေးငွေကို နောင်တွင် လက်လှမ်းမီစေရန် လည်းကောင်း။

LIFT သည် ရေဘေးပြန်လည်ထူထောင်ရေး ရန်ပုံငွေများကို အောက်တိုဘာလတွင်လည်း ထပ်မံထုတ်ပေးခဲ့ရာ နှစ်ကုန်သောအခါ ရေဘေးသင့် ပြည်သူပေါင်း ၃၆၀,၀၀၀ကျော်ကို ကန်ဒေါ်လာ ၄.၃သန်းအထိ ပံ့ပိုးကူညီပေးနိုင်ခဲ့သည်။





# စနစ်အပြောင်းအလဲ အတွက် ဆောင်ရွက်ခြင်း

LIFTသည် ရရှိထားသည့် အသိအမြင် နှင့် အတွေ့အကြုံများကို ကဏ္ဍအလိုက် မူဝါဒများ ပြုစုရာတွင်လည်းကောင်း၊ စီမံရာတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရာတွင်လည်းကောင်း ပိုမိုကောင်းမွန်စေရန်အတွက် ဆက်လက် အသုံးပြုလျက်ရှိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်နေသည့် စနစ်အတွင်းရှိ အတားအဆီးများကို ကိုင်တွယ်နေသကဲ့သို့ "စတင်ဆောင်ရွက်ရန်"နှင့် "တိုးချဲ့ဆောင်ရွက်ရန်" အားပေးသည့်အနေဖြင့် ရရှိထားသည့် ရလဒ်ကောင်းများဖြင့် ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။ ဥပမာအားဖြင့် ၂၀၁၅ခုနှစ်တွင် LIFTသည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့နှင့် လက်တွဲကာ မြန်မာနိုင်ငံ၏ အသေးစား ငွေကြေးကဏ္ဍတွင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံရန် နှောင့်နှေးနေမှုများကို လျော့ပါးစေရန်အတွက် ရင်းနှီးမြှုပ်နှံသူသာမက အသေးစားငွေကြေးလုပ်ငန်းများပါ ငွေကြေးဆုံးရှုံးမှုမှ ကာမိစေမည့် အခံရန်ပုံငွေ ထားရှိပြီး ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းကို ရှာဖွေခဲ့သည်။ ထို့ပြင် LIFTသည် အမျိုးသား စီးပွားလူမှု အကြံပေးကောင်စီ၊ မြန်မာ့စိုက်ပျိုးရေးကွန်ရက်၊ USAID* တို့နှင့်အတူ စိုက်ပျိုးရေးမူဝါဒဆိုင်ရာ အဓိက ဆောင်ရွက်မှုများကို ဖော်ပြထားသည့် လုပ်ငန်းစာတမ်း တစ်စောင်ကို ရေးသားခဲ့ပြီး ယင်းကို အစိုးရသစ်နှင့် ဆွေးနွေးဆောင်ရွက်မည် ဖြစ်သည်။ ထို့ပြင် LIFTသည် မြေယာ မှတ်ပုံတင်ရေးစနစ်ကို ကောင်းမွန်စေရန် အစီအစဉ်သစ်များကို ရေးဆွဲပြုစုခြင်း၊ စမ်းသပ်ဆောင်ရွက်ခြင်း တို့ကို ဆက်လက် ထောက်ပံ့နေသည်။ LIFTသည် မြေယာပြုပြင်ပြောင်းလဲရေးတွင်လည်း အောင်မြင်အောင် ပံ့ပိုးကူညီနိုင်ခဲ့ပြီး မူဝါဒရေးဆွဲသူတို့ အနေဖြင့် အမျိုးသားမြေအသုံးချမှုမူဝါဒတွင် ကျားမရေးရာ အရေးကြီးကိစ္စရပ်တို့ကို ထည့်သွင်းနိုင်ခဲ့သည်။

LIFTသည် နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်နှင့် ယင်းကို အကောင်အထည်ဖော်မည့် မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဆက်လက် ပံပိုးကူညီသွားမည်။

ထို့ပြင် LIFTသည် မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို "ဆင်းရဲနွမ်းပါးမှုပပျောက်ရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို စိုက်ပျိုးရေးဖြင့် အကောင်အထည်ဖော်ရေး အမျိုးသားအဆင့် စီမံချက် (NAPA*)"ကို ရေးဆွဲသည့် လုပ်ငန်းစဉ်တွင်လည်း ဆက်လက် ပံ့ပိုးကူညီသွားမည်။

၂၀၁၆ခုနှစ်တွင် အစိုးရအပြောင်းအလဲနှင့်အတူ အားလုံးပါဝင်စေသော ကျေးလက်ဒေသပြောင်းလဲရေး၌ အစိုးရနှင့် ပုဂ္ဂလိကတို့၏ အရင်းအနှီးတို့ကို အစွမ်းကုန် အသုံးပြုနိုင်ရန်အတွက် LIFT၏ အထောက်အထားနှင့် အတွေ့အကြုံတို့ကို အသုံးပြုလာနိုင်လိမ့်မည် ဖြစ်သည်။

LIFT၏ ပါဝင်ဆောင်ရွက်မှုများ ရေရှည်တည်တံ့စေရန် နည်းလမ်းသုံးသွယ်ဖြင့် လုပ်ဆောင်လျက်ရှိသည်- ပထမအနေဖြင့် တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို အခြေခံကာ ပုဂ္ဂလိကကဏ္ဍနှင့် မိတ်ဖက်ပြု၍ ရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းများကို ထူထောင်နေသည်။ ဒုတိယအားဖြင့်- ကျေးလက်နေနွမ်းပါးသူများအတွက် လွတ်လပ်စွာ ထုတ်ဖော်သော အသံတို့ကို အားဖြည့်ပေးသည့် ဒေသခံ အရပ်ဘက် လူမှုအဖွဲ့အစည်းတို့ကို ထောက်ပံ့ပေးလျက်သည်။ တတိယအနေဖြင့် - အားလုံးပါဝင်စေသော ကျေးလက်ဖွံ့ဖြိုးရေး အစီအမံတစ်ခုကို အကောင်အထည်ဖော်ရန် အစိုးရ၏ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းကို LIFTက ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

### LIFTသည် အောက်ပါကဏ္ဍများတွင် စနစ်ပြောင်းလဲရေးကို ဆောင်ရွက်သည်

၁။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

၂။ အားလုံးပါဝင်စေသော တန်ဖိုးကွင်းဆက်/ ဈေးကွက်စနစ်ထွန်းကားမှု

၃။ အာဟာရဆိုင်ရာ

၄။ မြေယာလုပ်ပိုင်ခွင့်အာမခံ

၅။ လုပ်မှုကာကွယ်စောင့်ရှောက်ရေး

၆။ ကျားမရေးရာတန်းတူညီမျှမှု

၇။ ရာသီဥတုအပြောင်းအလဲနှင့် လိုက်လျောညီထွေဖြစ်မှု

National Action Plan for Poverty Alleviation and Rural Development through Agriculture - NAPA
United States Agency for International Development - USAID



ကျေးလက်ပြည်သူတို့ထံသို့
ငွေကြေးဝန်ဆောင်မှုများကို
LIFTက တိုးချဲ့ပေးလျက်ရှိသည်

# ၁။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

စိုက်ပျိုး-ဂေဟဇုန်လေးခုစလုံးတွင် ကျေးလက်ဒေသ ငွေကြေးဝန်ဆောင်မှုများကို လက်လှမ်းမီရေးသည် LIFT၏ လုပ်ငန်းချဉ်းကပ်နည်းထဲမှ အဓိကကဏ္ဍတစ်ခု ဖြစ်သည်။ ငွေကြေးဝန်ဆောင်မှုများတွင် လိုအပ်ချက် နှင့် ထောက်ပံ့ပေးနိုင်မှုတို့၏ ကွာဟချက်မှာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အခက်အခဲများထဲမှ အကြီးမားဆုံးတစ်ခု ဖြစ်သည်။ ၎င်းကိုဖြည့်ဆည်းရန်အတွက် "ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု" သည် LIFT၏ အကြီးဆုံးစီမံကိန်း ဖြစ်နေသည်။ LIFT ရန်ပုံငွေ ထောက်ပံ့ပေးနေသော အသေးစား ငွေကြေးဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်သည့် မိတ်ဖက် ၄၁ဖွဲ့သည် ၂၀၁၅ခုနှစ် နှစ်ကုန်တွင် နိုင်ငံတဝန်းရှိ ကျေးရွာ ၁၂၆,၀၀၀ရှိ လူပေါင်း တစ်သန်းခန့်ထံသို့ ငွေကြေးဝန်ဆောင်မှုများ ပေးလျက်သည်။ ယင်းသည် တစ်နိုင်ငံလုံး အနေထားဖြင့်ဆိုလျှင် ဝန်ဆောင်မှုပေးနေသော အသေးစားငွေကြေး အဖွဲ့အစည်း ၁၆၈ခုမှ ဝန်ဆောင်မှုအသုံးပြုနေသူ စုစုပေါင်း၏ ၅၆ရာခိုင်နှုန်း ဖြစ်သည်။ ချေးငွေအားလုံး၏ ၅၀ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးအတွက် ဖြစ်သည်။ ၂၀၁၅ခုနှစ်တွင် LIFT၏ အသေးစား ငွေရေးကြေးရေး မိတ်ဖက်အဖွဲ့များသည် ဝန်ဆောင်မှုအသုံးပြုသူ ၄၅၀,၀၀၀ကျော်ကို စိုက်ပျိုးရေးချေးငွေအဖြစ် ကန်ဒေါ်လာ ၁၂၅သန်းခန့်ကို ထုတ်ပေးထားသည်။

ဤဝန်ဆောင်မှုတို့ကြောင့် ပြည်သူတို့အနေဖြင့် ပိုကောင်းသော လယ်ယာသွင်းအားစုများ အတွက် ရင်းနှီးလာနိုင်သည်၊ လုပ်ငန်းတိုးချဲ့နိုင်သည်။ တနှစ်တာလုံး ဝင်ငွေရရှိနိုင်သဖြင့် အဆင်ပြေလာနိုင်သည်။ သို့သော် လူထုစိတ်ကြိုက် အသက်မွေးမှု ကို အမှန်တကယ်ပြောင်းလဲနိုင်ရန်အတွက်မှု ချေးငွေများများ လိုအပ်နေသေးကြောင်း ထင်ရှားသည်။ စနစ်ကျသော ရေရှည်တည်တံ့သော ငွေကြေးဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီရေးမှာ LIFT၏ စီမံကိန်းအသစ်များတွင် ပင်တိုင်ပါဝင်သော အချက်ပင် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများကို စတင် ထူထောင်နိုင်စွမ်းရှိသူများကို အချိန်ကြာကြာ ချေးငွေများများ ထုတ်ပေးနိုင်ရန် အသေးစားငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများကို LIFTက တိုက်တွန်းအားပေးမည်။ ဘဏ်များကိုလည်း အလားတူဆောင်ရွက်ရန် တိုက်တွန်းအားပေးမည် ဖြစ်သည်။

### ၂၀၁၅ခုနှစ်တွင် LIFT ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ






လုပ်ကွက်ငယ် တောင်သူများနှင့်
စီးပွားရေးလုပ်ငန်းများကို တန်ဖိုး
ကွင်းဆက်များ အဖြစ်သို့ ပေါင်းစည်းရန်
LIFT က ထောက်ပံ့ပေးလျက်ရှိသည်

# ၂။ အားလုံးပါဝင်စေသော တန်ဖိုးကွင်းဆက်များ

စိုက်ပျိုးဂေဟဇုန်လေးခုစလုံးတွင် လုပ်ကွက်ငယ်စိုက်ပျိုးရေး၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုများကို လှုံ့ဆော်အားပေးသည့် ပုဂ္ဂလိကကဏ္ဍ ဖက်စပ်လုပ်ငန်း ဖြစ်ထွန်းရေးကို ဦးတည်သည့် အားလုံးပါဝင်စေသော တန်ဖိုးကွင်းဆက်တို့ကို LIFTက ဆောင်ရွက်သည်။ LIFT၏ ပုဂ္ဂလိက ကဏ္ဍနှင့် ထိတွေ့ဆက်ဆံမှုဆိုင်ရာ မူဝါဒများအတိုင်း ပုဂ္ဂလိကကဏ္ဍနှင့် တွဲဖက်လုပ်ဆောင်ပြီး ရင်းနှီးမြှုပ်နှံမှု နယ်ပယ်နှစ်ရပ်ကို ဦးတည်သည်။ ယင်းတို့မှာ - ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် အကျိုးတူလယ်ယာတို့ ဖြစ်သည်။

LIFTသည် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု နှင့် ပတ်သက်၍ ၂၀၁၅ခုနှစ်တွင် မိတ်ဖက် နှစ်ဖွဲ့နှင့် စတင်လက်တွဲခဲ့ရာ ယင်းတို့မှာ ရိုးမဘဏ် နှင့် ငွေကြေးလဲလှယ်မှုအဖွဲ့ (The Currency Exchange) တို့ဖြစ်သည်။ ယင်းတို့နှစ်ခုပေါင်းလျှင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ သန်း၂၀၀ မှ ၂၅၀ထိ ဆွဲဆောင်လာနိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သော ဈေးကွက် အချိတ်အဆက်များနှင့် လုပ်ကွက်ငယ် တောင်သူ တို့အတွက် ထောက်ပံ့သည့် ဝန်ဆောင်မှုများကို ဖန်တီးလာနိုင်မည် ဖြစ်သည်။

အလားတူစွာပင် LIFTသည် ပုဂ္ဂလိက စိုက်ပျိုး - အစားအသောက် လုပ်ငန်းနှစ်ခုဖြစ်သော PrimeAgri နှင့် Heniken တို့နှင့် စီမံချက်သစ် နှစ်ခုကို စတင်ခဲ့သည်။ ယင်းတို့အနေဖြင့် လုပ်ကွက်ငယ်တောင်သူ ၆,၀၀၀တို့ကို တိုးချဲ့ပညာပေးလုပ်ငန်းများ နှင့် အားထားရသော ဈေးကွက်တို့အား အကျိုးတူလယ်ယာပုံစံဖြင့် လက်လှမ်းမီစေမည် ဖြစ်သည်။



ငွေကြေး လက်လှမ်းမီမှု | အဆင့်မီ သွင်းအားစုနှင့် ကိရိယာများ | လယ်ယာ အကြံပေး လုပ်ငန်းများ | တိုးတက်သော ရိတ်သိမ်းချိန်လွန် လုပ်ငန်းများ | ဈေးကွက်သို့ လက်လှမ်းမီမှု







မိခင်/ကလေး အာဟာရ ကောင်းမွန်ရေးအတွက် မိခင်များကို ငွေကြေးထောက်ပံ့ပေးရန် LIFT က ပံ့ပိုးလျက်ရှိသည်

# ၃။ အာဟာရဆိုင်ရာ

၂၀၁၅ခုနှစ်တွင် ယင်းတို့၏ စီမံချက်များတွင် အာဟာရဆိုင်ရာကိုပါ ထည့်သွင်းလာသော မိတ်ဖက်အဖွဲ့ အရေအတွက်မှာ တဟုန်ထိုး တိုးတက်လာသည်။ LIFTရန်ပုံငွေ ထောက်ပံ့မှု ၁၂ခုတွင် အာဟာရဆိုင်ရာ သီးသန့် သို့မဟုတ် အာဟာရကဏ္ဍကို အလေးထား ထည့်သွင်းထားသည်။ အဖွဲ့ ၁၂ဖွဲ့သည် ၎င်းတို့၏ စီမံချက်များတွင် အာဟာရဆိုင်ရာ ရည်မှန်းချက်များကိုပါ ထည့်သွင်းထားကြသည်။ စီမံချက် အသစ် ၁၀ခု တွင်လည်း အာဟာရဆိုင်ရာ အသိပညာပေးခြင်းကို ထည့်သွင်းထားကြသည်။

ချဉ်းကပ်ကိုင်တွယ်မှုပေါင်းစုံဖြင့် ပုညက်မှုကို လျှော့ချမည့် စီမံကိန်းများကို LIFTက ပုံစံထုတ်ထားသည်။ ထင်ရှားသော ဆောင်ရွက်ချက် တစ်ခုမှာ ရခိုင်ဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့တွင် မိခင်တို့ကို ငွေကြေးထောက်ပံ့ခြင်း ဖြစ်သည်။ ရခိုင်ဒေသတွင် ၂၀၁၄ခုနှစ်မှ စတင်ကာ ကလေးဘ၀၏ ပထမ ရက်၁၀၀၀(သန္ဓေတည်ချိန်မှ ၂နှစ်မြောက် မွေးနေ့အထိ) မိခင်တို့ကို တစ်လလျှင် ကျပ်ငွေ ၁၃၀၀၀ (ကန်ဒေါ်လာ ၁၁ ဒေါ်လာခန့်)ဖြင့် အာဟာရ ပြည့်ဝစေရန် ထောက်ပံ့သည်။ ကိုယ်ဝန်ဆောင်နှင့် မိခင်များသည် ငွေသားအပြင် အမျိုးအမည်စုံလင်ပြီး အာဟာရပြည့်ဝသော အစားအစာအကြောင်းကိုလည်း လေလာသိရှိခဲ့ကြသည်။

ရခိုင်ဒေသ ရှေ့ပြေးစီမံချက်မှာ အလွန် အောင်မြင်ခဲ့သည်။ စီမံချက်ဝင် မိခင်တို့မှာ စီမံချက်ပြင်ပရှိ မိခင်များထက် ထွားကြိုင်းသော ကလေးများကို မွေးဖွားလာကြသည်။ ထို့ပြင် မိခင်နို့သက်သက်ကိုသာ တိုက်ကျွေးမှုမှာလည်း နှစ်ဆတက်လာခဲ့ကာ ပုညက်မှုမှာ ၅%ခန့် လျော့ကျသွားသည်။ အလားတူ စီမံချက်တို့ကို မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့တွင်လည်း စတင်ခဲ့သည်။

၂၀၁၆ခုနှစ်မှ စတင်ကာ မိခင်နှင့် ကလေး ၅၄,၀၀၀ သို့ ငွေကြေးထောက်ပံ့မည့် ကန်ဒေါ်လာ ၁၄.၅သန်းတန် စီမံချက်များကို LIFTက အကောင်အထည်ဖော်မည်။ ငွေကြေးထောက်ပံ့မှုနှင့်အတူ အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများပေးခြင်းတို့ကို ပေးရာတွင် အထိရောက်ဆုံး နည်းလမ်းကို ဆုံးဖြတ်နိုင်ရန်အတွက် စီမံချက်များ၏ ထိရောက်မှုကို တိုင်းတာမည့် စနစ်များကို ရေးဆွဲထားပြီး ဖြစ်သည်။

၂၀၁၅ခုနှစ်တွင် အာဟာရဆိုင်ရာ အောင်မြင်မှုတို့ကို တိုင်းတာရန်အတွက် အာဟာရဆိုင်ရာ ညွှန်းကိန်းအသစ်တို့ကို LIFT၏ ယုတ္တိဗေဒ မူဘောင်တွင် ထည့်သွင်း ပေါင်းစပ်ခဲ့သည်။





# လုပ်ကွက်ငယ်တောင်သူများ မြေယာလုပ်ပိုင်ခွင့်လုံခြုံရေးအတွက် LIFT က ထောက်ပံ့နေသည်

# ၄။ မြေယာလုပ်ပိုင်ခွင့် အာမခံ

မြန်မာနိုင်ငံတွင် ရင်းနှီးရမည့်ငွေ၏ အတိုးကြီးမားခြင်း၊ ဥပဒေကြေပ်မတ်မှု အားနည်းခြင်းကြောင့် ဖွံ့ဖြိုးမှု မညီမမျှ ဖြစ်ကာ မြေဈေးလည်း ကြီးမြင့်နေသည်။ လူအများအပြား အထူးသဖြင့် တောင်သူတို့အဖို့မှာ မြေပိုင်ခွင့်သည် သူတို့ ပိုင်သမျှပစ္စည်းတွင် အဖိုးအတန်ဆုံးဖြစ်ကာ စောင့်ရှောက်ကာကွယ်ရန် လိုအပ်နေသည်။

အစိုးရ၏ မြေယာရုံးဖြစ်သော လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (DALMS*)ကို ခေတ်မီစေမည့် စနစ်သစ်များ တည်ဆောက်ရေးတွင် ပံ့ပိုးနိုင်ရန်အတွက် LIFT၏ မြေယာအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစီမံချက် (LAMP*) ကို UN-Habitat က ဆောင်ရွက်ခဲ့သည်။ DALMS၏ စွမ်းရည်ကို တည်ဆောက်ရန်အတွက် ပုံစံထုတ်ထားသော အမျိုးသားစီမံကိန်းတွင် စနစ်သစ်နှင့် လုပ်ငန်းစဉ်အသစ်များ ထွက်ပေါ်လာမည် ဖြစ်သည်။

၂၀၁၅ခုနှစ်တွင် LAMPသည် မြင်းခြံ နှင့် သာယာဝတီ မြို့နယ်ရုံးများတွင် မြေပုံရေးဆွဲနည်းပညာအသစ်များကို တပ်ဆင်ပေးပြီး အသုံးပြုတတ်အောင် ဝန်ထမ်းများကို သင်ကြားပေးခဲ့သည်။ DALMS ဝန်ထမ်းများသည် ကွင်း မြေပုံ ၁၀ချပ်ကို ခေတ်နှင့် လျော်ညီအောင် ရေးဆွဲခဲ့သည်။ ယင်းမြေပုံများတွင် မြို့နယ်တစ်ခုချင်း၏ မြေပိုင်ဆိုင်မှု၊ တန်ဖိုး၊ အကျယ်အဝန်းတို့ကို ဖော်ပြထားသည်။ LAMPက တည်ထောင် ပေးသော လုပ်ငန်းစဉ်အသစ်များကို အသုံးပြုခဲ့ရာတွင် အောက်ပါတို့ ပါဝင်သည်_

- လယ်ယာမြေပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်း၊ အမှုတွဲဖိုင်များကို ကုဒ်နံပါတ်များသွင်းခြင်း၊ စာရွက်စာတမ်းများကို ကွန်ပျူတာဖြင့်ဖတ်ခြင်း
- ကွင်းမြေပုံများကို ကွန်ပျူတာ စကင်ဖတ်ကာ ရုပ်ပုံများကို မွမ်းမံခြင်း
- ပထဝီဝင်သတင်းအချက်အလက်စနစ် (GIS*)တွင် မြေကွက်များကို ဖော်ပြရန် မြေပုံများကို ဒစ်ဂျစ်တယ်စနစ် သွင်းခြင်း
- ကွင်းမြေတိုင်းခြင်းကို ခေတ်နှင့်အညီ မွမ်းမံခြင်း
- မြေပုံတွင်ပါဝင်သော နယ်မြေများမှ အမျိုးသား၊ အမျိုးသမီးတို့ကို အချက်အလက်များပေးခြင်း၊ အသိပညာပေးခြင်း

ထို့ပြင် ယခင်က တိုင်းတာခြင်းမရှိခဲ့သော နယ်မြေများတွင် ကွင်းမြေတိုင်း ဆင်းပြီး ယင်းမြေပုံများကို လယ်ယာမြေ ပိုင်ဆိုင်ခွင့် ထုတ်ပေးရာတွင် အခြေခံအဖြစ် အသုံးပြုသည်။

LAMP အနေဖြင့် ကြုံရသော အခက်အခဲအများစုမှာ အမှားများကို ဖော်ထုတ်ရခြင်းနှင့် မြေယာမှတ်တမ်းများကို မှန်ကန်အောင် ပြင်ဆင်ရခြင်းတို့ပင် ဖြစ်သည်။ အထူးပရိုဂရမ်တစ်ခုကို ရေးဆွဲကာ အမှားများကို ဖော်ထုတ်ရန်နှင့် ပြင်ဆင်ရန် အသုံးပြုခဲ့ရသည်။ ဤစီမံချက်သည် အနှစ်၅၀ကြာအောင် မဆောင်ရွက်နိုင်ခဲ့သည့် မြို့ပြ ကြေးတိုင် မြေတိုင်းခြင်း အတွက် DALMSကို ပြင်ဆင်ပေးခဲ့သည်။

ဆဋ္ဌမနှင့် နောက်ဆုံးအကြိမ် အမျိုးသားမြေအသုံးချမှု မူဝါဒ မူကြမ်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် အစိုးရအဖွဲ့က အတည်ပြုခဲ့သည်။ LIFT၏ အခြား မိတ်ဖက်အဖွဲ့တစ်ခုဖြစ်သော မြေယာမဏ္ဍိုင်အဖွဲ့ သည် မူဝါဒ မူကြမ်းတွင်  အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ တုံ့ပြန်ချက်ကို ပေါင်းစပ်ညှိနှိုင်းရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ယင်းတွင် ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ၌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ ဆောင်ရွက်ခဲ့ခြင်းလည်း ပါဝင်သည်။

Land Administration and Management Project - LAMP
Department of Agricultural Land Management and Statistics - DALMS
Geographic Information System - GIS



အမျိုးသားအဆင့် လူမှုကာကွယ်
စောင့်ရှောက်ရေး မူဘောင်
ပေါ်ပေါက်လာရေးအတွက်
LIFT က ထောက်ပံ့နေသည်

# ၅။ လူမှုကာကွယ် စောင့်ရှောက်ရေး

LIFTသည် လူမှုကာကွယ်စောင့်ရှောက်ရေးကို ရန်ပုံငွေထောက်ပံ့ခြင်း အပြင် အားလုံးပါဝင်စေမှုနှင့် တန်းတူညီမျှမှုကို ဖြစ်ထွန်းစေသည့် ကျယ်ပြန့်သော အသက်မွေးမှု စီမံချက်များဖြင့်လည်း ဆောင်ရွက်လျက်ရှိသည်။

HelpAgeအဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဦးဆောင်၍ အမျိုးသား လူမှုကာကွယ် စောင့်ရှောက်ရေး မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အားဖြည့်ပေးရန် ဆောင်ရွက်နေသည်။ ဤစီမံချက်သည် ၂၀၁၅ခုနှစ်တွင် သက်ကြီးရွယ်အိုများသို့ ငွေကြေးထောက်ပံ့ရန် စီမံချက်ရေးဆွဲရာ၌ ဝန်ကြီးဌာနကို ပံ့ပိုးပေးခဲ့သည်။ လူမှုရေးပင်စင် ကုန်ကျစရိတ် အခြေအနေနှင့် ကုန်ကျစရိတ်ပုံစံတို့ကို ရှင်းပြသော မူဝါဒနစ်ရပ်ကို ရေးဆွဲခဲ့သည်။ ဤစီမံချက်သည် လူမှုရေးပင်စင်အတွက် အကျုံးဝင်သောသူများ၏ အချက်အလက်များ စုစည်းထားရှိမည့် ဒေတာဘေ့စ်ကို ရေးဆွဲရာတွင် ထောက်ပံ့ခဲ့သည်။ လူပေါင်း ၂၄,၀၀၀ ကို ပင်စင်များ ထုတ်ပေးနိုင်ခဲ့သည်။

၂၀၁၅ခုနှစ်တွင် ရေဘေးသင့်ပြည်သူများသို့ ငွေကြေးထောက်ပံ့ရန် လမ်းညွှန်ချက်များကို လည်းကောင်း၊ သက်ကြီး ရွယ်အိုများကို စောင့်ရှောက်ခြင်းဆိုင်ရာ သင်ခန်းစာ စာရွက်စာတမ်းများကို လည်းကောင်း ရေးဆွဲ ပြုစုခဲ့သည်။ ထို့ပြင် သက်ကြီးရွယ်အို ဥပဒေမူကြမ်း တွင်လည်း နည်းပညာနှင့် ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများ ပေးခဲ့သည်။

မြို့နယ်၂ခုရှိ ကလေးများ၊ ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအား တစ်နှစ်တာ ကနဦးစမ်းသပ် ငွေကြေးထောက်ပံ့မှုကို HelpAge နှင့် ဝန်ကြီးဌာနတို့က ဆောင်ရွက်ခဲ့သည်။ နောင်တွင် တစ်နိုင်ငံလုံးအတွက် စီမံချက်ကို အကောင်အထည်ဖော်လျှင် ဤအတွေ့အကြုံကို အသုံးချနိုင်လိမ့်မည် ဖြစ်သည်။

အခြား ငွေကြေးထောက်ပံ့မှုတစ်ခုကိုလည်း လူမှုရေးဆိုင်ရာ သုတေသန လုပ်ဆောင်မှု အဖွဲ့ (Social Policy and Poverty Research Group - SPPRG) က ရှေ့ပြေး ဆောင်ရွက်ခဲ့သည်။ ယင်းကို စစ်ကိုင်းတိုင်း၊ ကျေးရွာ ၆ ရွာရှိ ရပ်ရွာအခြေပြု လူမှုကာကွယ် စောင့်ရှောက်ရေးစနစ်များ (မိခင်များသို့ ငွေကြေး ထောက်ပံ့ခြင်း အပါအဝင်)ကို ရှေ့ပြေးဆောင်ရွက်ရာတွင် ထောက်ပံ့ခဲ့သည်။ အနာဂတ်ကာလတွင် အကောင်အထည်ဖော်မည့် ပုံစံများအတွက် မူဝါဒဆိုင်ရာ အသိအမြင်များနှင့် လုပ်နိုင်စွမ်းတို့ကို ဤစီမံချက်က ဖန်တီးပေးမည်ဟု မျှော်လင့်ပါသည်။

LIFT၏ အသေးစား ငွေရေးကြေးရေး မိတ်ဖက်အဖွဲ့ ၄၁ဖွဲ့ မှ ၁၄ဖွဲ့သည် ငွေကြေးဝန်ဆောင်မှုအသုံးပြုသူ အဖွဲ့ဝင်များ အတွက် လူမှုရေးရန်ပုံငွေကို စတင်ဆောင်ရွက်နေသည်။ ယင်းရန်ပုံငွေကို အဖွဲ့ဝင် သေဆုံးပါက သို့မဟုတ် သဘာဝဘေးနှင့် ကြုံတွေ့ပါက ခံစားခွင့်ရှိမည် ဖြစ်သည်။ ၂၀၁၅ခုနှစ်အတွင်း အမျိုးသမီးအဖွဲ့ဝင် ၄၀,၀၀၀ ခန့်သည် စုစုပေါင်း ကန်ဒေါ်လာ ၁.၆သန်းရှိသော ငွေကြေးအထောက်အပံ့တို့ ရရှိခဲ့ကြသည်

### နိုင်ငံတော် အစိုးရ အမျိုးသားလူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်၏ အထင်ကရ အစီအစဉ်များ

၁။ ကလေး၂နှစ်သားအထိ မိခင်နှင့်ကလေးများကို ငွေကြေးထောက်ပံ့ခြင်း
၂။ ကလေးများကို ငွေကြေးထောက်ပံ့ခြင်း
၃။ မသန်စွမ်းသူတို့ကို ငွေကြေးထောက်ပံ့ခြင်း (အသက် ၆၅နှစ်အထိ)
၄။ ကျောင်းသားအားလုံးကို ကျောင်းတွင်းကျွေးမွေးခြင်း အစီအစဉ်
၅။ အစိုးရအလုပ်အကိုင်၊ အသက်မွေးမှု ပညာရေး နှင့် လေ့ကျင့်ရေး
၆။ အသက် ၆၅နှစ် နှင့် အထက် ပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်
၇။ သက်ကြီးပိုင်းများ၏ ကိုယ်ထူကိုယ်ထအဖွဲ့များ
၈။ တစ်စုတစ်စည်းတည်းဖြစ်သော လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ



အမျိုးသားမြေယာအသုံးချမှု
မူဝါဒတွင် ကျားမရေးရာအမြင်
ပါဝင်စေရန် LIFT၏
မိတ်ဖက်အဖွဲ့များက
စည်းရုံးနေသည်

# ၆။ ကျားမရေးရာ တန်းတူညီမှု

ဤနှစ်တွင် ထူးခြားသော မူဝါဒအောင်မြင်မှုကို LIFT၏ မိတ်ဖက်အဖွဲ့ဖြစ်သည့် ကျားမတန်းတူညီမျှရေးကွန်ရက် (Gender Equality Network - GEN) က ရရှိခဲ့သည်။ GENသည် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အမျိုးသား မြေအသုံးချမှုမူဝါဒကို ရေးဆွဲသူများထံသို့ ကျားမရေးရာကို ဂရုပြုကာ မူဝါဒရေးဆွဲရန် စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။ "တိတ်ဆိတ်ခြင်း၏ နောက်ကွယ် - အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း နှင့် အမျိုးသမီးများ၏ ခံနိုင်ရည်စွမ်း" အမည်ရှိ GEN၏ စစ်တမ်းသည် အမျိုးသမီးများအား အကြမ်းဖက်ခြင်းမှ ကာကွယ်သည့်ဥပဒေ (၂၀၁၆ခုနှစ်တွင် အတည်ပြုရန်) ရေးဆွဲရာတွင် အဖိုးတန် အထောက်အထားများကို ပေးသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အခက်အခဲများကို ရင်ဆိုင်နေရဆဲပင်ဖြစ်သည်။ ၂၀၀၈ခုနှစ် အခြေခံဥပဒေ တွင် တူညီသော အလုပ်အတွက် တူညီသောလုပ်ခလစာနှင့် အခွင့်အရေးကို အာမခံထားသော်လည်း လေ့လာမှုပြုခဲ့သော နေရာတိုင်းတွင် အမျိုးသားနှင့် အမျိုးသမီးတို့ လုပ်အားခ မတူညီကြောင်းကို GEN၏ အစီရင်ခံစာဖြစ်သည့် "ရုံးမထွက်သာ အစဉ်အလာ"တွင် မှတ်တမ်းတင်ထားသည်။ အထူးသဖြင့် အိမ်ထောင်မရှိသူနှင့် မုဆိုးမများ ငွေချေးလိုပါက အဟန့်အတားများ ရှိနေသေးသည်။ အချို့ရပ်ရွာဓလေ့အရ အမျိုးသမီးများ အမွေဆက်ခံခွင့် မရှိခြင်းသည် အမျိုးသမီးများအတွက် ပြဿနာကြီးတစ်ခုပင် ဖြစ်သည်။

စီမံကိန်းအဆင့်တွင် LIFTသည် အမျိုးသမီးများကို ချေးငွေလက်လှမ်းမီစေရန် ဆောင်ရွက်လျက်ရှိပြီး LIFT၏ အသေးစားငွေရေးကြေးရေး လုပ်ငန်းများ၏ ဝန်ဆောင်မှုအသုံးပြုသူ ၉၃%မှာ အမျိုးသမီးများဖြစ်ကြသည်။ စိုက်ပျိုးရေး လုပ်အားခများမှာ မတူညီပဲ ရှိနေသေးသည်။ လုပ်ခလစာ တူညီစွာပေးရန် ဒေသအချို့တွင် ဆန့်ကျင်မှုများ ရှိနေကြောင်း အစီရင်ခံစာများအရ သိရသော်လည်း အလုပ်နှင့် ငွေကြေး ဖလှယ်ရာတွင် တူညီစွာပေးချေစေရန် LIFTက လိုလားသည်။ ချင်းပြည်နယ်တွင် ရေကြီးပြီး မြေပြိုမှုများ ဖြစ်ပွားပြီးနောက် LIFTသည် အခြား ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့်အတူ မိသားစုများအား မိမိခြေထောက်ပေါ်မိမိ ပြန်လည်ရပ်တည်နိုင်စေရန် လူတစ်ယောက်၏ တစ်နေ့လုပ်အားခကို ကျပ်၅၀၀၀ နှုန်းဖြင့် ပေးအပ်ရန် ဆုံးဖြတ်ခဲ့သည်။ တက်လမ်းစီမံကိန်းတွင်  အလုပ်နှင့်ငွေကြေးဖလှယ်ရာသည့် ဆောင်ရွက်မှုများတွင် အမျိုးသမီးရောအမျိုးသားပါ ကျပ်၃၀၀၀ နှုန်းဖြင့် ပေးချေသည်။

LIFT၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံကိန်းသစ်တွင်လည်း အမျိုးသမီးများကို ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေသူ ဖြစ်စေ အိမ်တွင် ကျန်ရစ်သူဖြစ်စေ အထောက်အပံ့ပေးရန် ပုံစံထုတ်ထားသည်။ LIFT၏ အာဟာရဆိုင်ရာ စီမံကိန်းသစ် တွင်လည်း အမျိုးသမီးများ အတွက် အထူး ရေးဆွဲထားသည်။ အကြောင်းမှာ အမျိုးသမီးတို့သည် ရိက္ခာမလုံလောက်လျှင် မိသားစုကို အရင်ကျွေးမွေးကာ သူတို့ကိုယ်သူတို့ အနစ်နာခံလေ့ရှိကြသောကြောင့် ဖြစ်သည်။ အာဟာရပြည့်ဝသော အစားအစာများအတွက် သုံးစွဲရန် ကိုယ်ဝန်ဆောင် သို့မဟုတ် အသက် ၂နှစ်အောက်ကလေးရှိသူ မိခင်များသို့ LIFTက  ငွေကြေး ထောက်ပံ့မည်။



## အမျိုးသမီးများသည်

- LIFT၏ အထောက်အပံ့ ရရှိသူများ၏ ၆၄% ဖြစ်သည်
- LIFT၏ အထောက်အပံ့ချေးငွေကို ရရှိသူများ၏ ၉၅% ဖြစ်သည်
- အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို အသုံးပြုကာ စီးပွားရေးလုပ်ငန်းငယ်များ ထူထောင်သူများ၏ ၈၁% ဖြစ်သည်
- LIFT ရန်ပုံငွေထောက်ပံ့ပေးသော သင်တန်းများကို တက်ရောက်သူများ၏ ၆၀% ဖြစ်သည်
- တက်လမ်းစီမံကိန်းမှ ငွေစုငွေချေးအဖွဲ့ဝင်များ၏ ၈၉% ဖြစ်သည်



တောင်သူများအနေဖြင့် ရာသီဥတုအပြောင်းအလဲကို ပိုမိုကြံ့ကြံ့ခံနိုင်အောင် ကူညီမည့် ဆောင်ရွက်မှုများကို LIFT က ထောက်ပံ့သည်

# ၇။ ရာသီဥတုအပြောင်းအလဲနှင့် လိုက်လျောညီထွေဖြစ်မှု

လူထုနှင့် ရပ်ရွာတို့၏ ကြံ့ကြံ့ခံနိုင်မှု တည်ဆောက်ခြင်းကို LIFT၏ မဟာဗျူဟာတွင် အခိုင်အမာ ထည့်သွင်းစဉ်းစားထားပြီး ယင်းတွင် ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်ရန် တည်ဆောက်မှုမှာ အဓိက အပိုင်း ဖြစ်သည်။ LIFTသည် နိုင်ငံတော် အစိုးရ၏ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရေး ဆောင်ရွက်မှုအစီအစဉ်(၂၀၁၂) နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် LIFT၏ စိုက်ပျိုးရေး၊ သစ်တော၊ ရေလုပ်ငန်း ဆိုင်ရာ စီမံကိန်းတို့ကိုလည်း ရာသီဥတုနှင့်သဟဇာတဖြစ်သော စိုက်ပျိုးရေးမှုများကို အခြေခံကာ ဆောင်ရွက်နေသည်။

ထိခိုက်လွယ်မှုကို လျှော့ချရန်အတွက် ရပ်ရွာလူထုဖြင့် ကိုင်တွယ်ချဉ်းကပ်နည်းကို LIFTက ဖြစ်ထွန်းအောင် ဆောင်ရွက်သည်။ ဥပမာအားဖြင့် မြစ်ဝကျွန်းပေါ်ဒေသတွင် World Visionသည် ရပ်ရွာအဆင့်ရှိ လက်ရှိ သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီတို့ကို အားဖြည့်ပေးကာ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှု စီမံချက်များကို ပြုစုခဲ့သည်။ ယင်းတို့ကို ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်မည့် မြို့နယ်စီမံချက်တို့တွင် ပေါင်းစပ်သည်။ ဤစီမံချက်သည် ရပ်ရွာနှင့် ဌာနဆိုင်ရာတို့ကို ရာသီဥတုဘေးရန်ကို နားလည်စေမည်၊ တုံ့ပြန်နိုင်စွမ်းကို တိုးပွားစေမည်၊ ရာသီဥတုဆိုးဝါးပါက ကြံ့ကြံ့ခံနိုင်မည့် အလေ့အကျင့်တို့ကို တိုးချဲ့နိုင်မည်၊ ဆင့်ပွားစေမည် ဖြစ်သည်။ Mercy Corps သည် အပူပိုင်းဇုန်တွင် ၂၀၁၄ခုနှစ်က ကောက်ယူခဲ့သည့် ကြံ့ကြံ့ခံနိုင်မှု မဟာဗျူဟာသုံးသပ်ချက်တွင် အသုံးပြုခဲ့သည့် နည်းနာများကို အသုံးပြုပြီး မြစ်ဝကျွန်းပေါ်တွင်လည်း အလားတူစစ်တမ်းကို ကောက်ယူလျက်ရှိသည်။

## ၂၀၁၅ခုနှစ်တွင် LIFTသည် အောက်ပါလုပ်ငန်းတို့ကို အလေးထားခဲ့သည်

၁ ခံနိုင်ရည်အားကောင်းသော စိုက်ပျိုးရေးစနစ်ကို ထူထောင်နိုင်ရန်အတွက် တောင်သူများကို ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုကို လျှော့ချခြင်း၊ ရာသီဥတုကို အလေးထားသော အကြံဉာဏ်ပေးခြင်း၊ ခံနိုင်ရည်ကောင်းသော မျိုးစေ့များကို ထုတ်လုပ်ခြင်း တို့ဖြင့် ထောက်ပံ့ခြင်း

၂ လယ်ယာပြင်ပ စီးပွားရေးလုပ်ငန်းငယ်များဖြင့် အိမ်ထောင်စုဝင်ငွေ ရလမ်း မျိုးစုံစေခြင်း

၃ လယ်ယာသစ်တောလုပ်ငန်း၊ ဘုံသစ်တော၊ ပို၍ကောင်းသော ရေစီမံခန့်ခွဲမှုတို့ဖြင့် သယံဇာတ စီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်စေခြင်း

၄ ကျေးရွာ လုပ်ငန်းစီမံချက်နှင့် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုတို့ကို ထောက်ပံ့ခြင်း


# LIFT၏ အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေး

LIFTသည် စီမံကိန်းအသစ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ငွေကြေးထည့်ဝင်မှု အသစ်များ ရရှိရန် စည်းရုံးနိုင်ခဲ့သည်။ အီတလီနှင့် လူဇင်ဘတ်တို့ကို အလှူရှင်အဖွဲ့သို့ ဖိတ်ခေါ်ကြိုဆိုခဲ့ပြီး ပထမဆုံး ပုဂ္ဂလိကကဏ္ဍ အလှူရှင်အဖြစ် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းက ပါဝင်လာသဖြင့် အလှူရှင် ၁၄ဦးထိ ရှိလာသည်။ ယူနိုက်တက် ကင်းဒမ်း၊ ဥရောပသမဂ္ဂ၊ ဆွစ်ဇာလန်နှင့် အမေရိကန် တို့ထံမှ ထည့်ဝင်ငွေ အသစ်များ သိသိသာသာ ရရှိလာသည်။ နှစ်ကုန်တွင် အလှူရှင်များက လက်မှတ်ရေးထိုးကာ ကတိကဝတ်ပြုထားသော အလှူငွေစုစုပေါင်းမှာ ကန်ဒေါ်လာ ၄၂၈သန်း အထိ ရှိလာသည်။

LIFTသည် မိမိ၏ အုပ်ချုပ်မှုအဆောက်အအုံကို ပြောင်းလဲလာသော အခြေအနေ နှင့်အညီ လိုက်လျောညီထွေ ဖြစ်အောင် ဆက်လက်ဆောင်ရွက်နေသည်။ LIFT၏အုပ်ချုပ်မှုတွင် အစိုးရနှင့် အခြားပတ်သက်ဆက်နွယ်သူတို့ကို ပိုမို နေရာပေးရန်အတွက် အစိုးရ ဦးဆောင်သော အထက်တန်း အတိုင်ပင်ခံအဖွဲ့ကို ထူထောင်ခဲ့သည်။ ပထမအကြိမ် အစည်းအဝေးကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဘဏ္ဍာရေး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ၊ လူမှုဝန်ထမ်း ဝန်ကြီးဌာနတို့မှ အဆင့်မြင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ထို့ပြင် ပြည်တွင်း နှင့် နိုင်ငံတကာ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။

၂၀၁၆ခုနှစ် နှစ်ဆန်းတွင် LIFT၏အုပ်ချုပ်မှုတွင် အစိုးရပိုင်းမှ ပိုမိုပါဝင်လာစေရန် ခြေတလှမ်း တိုးသည့်အနေဖြင့် LIFTရန်ပုံငွေဘုတ်အဖွဲ့ တွင် ပါဝင်ရန်အတွက် အစိုးရကို ဖိတ်ခေါ်ရန် LIFT၏အလှူရှင်များက သဘောတူခဲ့သည်။ ၎င်းမှာ အထူးပင် အချိန်အခါသင့်လှပေသည်။ အကြောင်းမှာ LIFT၏ မဟာဗျူဟာနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရသစ်က ကြေညာထားသည့် ဦးစားပေးလုပ်ငန်းတို့မှာ အထူးပင် ကိုက်ညီနေသောကြောင့် ဖြစ်သည်။ ယင်းလုပ်ငန်းတို့တွင် မြေမဲ့ယာမဲ့ အိမ်ထောင်စုများနှင့် လုပ်ကွက်ငယ် တောင်သူတို့၏ အကျိုးအတွက် ကျေးလက်ဒေသ စီးပွားရေး ကြီးထွားစေရန် အထူးအလေးပေးထားသည်။

၂၀၁၀-၂၀၁၅ခုနှစ် အထိ အသုံးစရိတ် စုစုပေါင်း (အမေရိကန် ဒေါ်လာ သန်းပေါင်း)



# စတိဗ် ဒိုဝေါလ်အား အမှတ်ရစွာဖြင့်



စတိဗ် ဒိုဝေါလ် သည် LIFT၏ နည်းပညာ ဦးဆောင် အရာရှိအဖြစ် ၂၀၁၃ခုနှစ်မှ ၂၀၁၅ခုနှစ် နိုဝင်ဘာလအတွင်း တောင်တက်ရာမှ မတော်တဆဖြစ်ကာ အချိန်မသင့်ဘဲ ကွယ်လွန်သည့်အချိန် အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၅ခုနှစ် အတွင်းတွင် အဆိုပြုလွှာ ဂုကြိမ် ခေါ်ဆိုရာတွင် အဖွဲ့ကို ဦးဆောင်လမ်းပြခဲ့သည်။ သူ၏ လုပ်ငန်းကျွမ်းကျင်မှု နှင့် မွန်ရည်မှု ကို အားလုံးက အသိအမှတ်ပြုကြသည်။ “စတိဗ်က ကျွန်တော်တို့ကို အမြဲပဲ အချိန်ပေးတယ်” ဟု ရတနာရောမှ ဦးသူရအောင်က ပြောသည်။ “ဗဟုသုတကြွယ်ဝတယ်၊ စေ့စပ်တယ်၊ ညှာတာတတ်တယ်၊ အတုယူဖို့ ကောင်းတဲ့သူတစ်ယောက် ဖြစ်ပါတယ်” စတိဗ် ၏ စံချိန်မြင့်မြင့်ထားမှု၊ အလုပ်ကြိုးစားမှု၊ အာရုံစူးစိုက်မှု၊ ပျော်ပျော်ရွှင်ရွှင်နေတတ်မှုနှင့်အတူ ကြင်နာတတ်မှုတို့ကြောင့် ကျေးဇူးတင်နေကြသော လုပ်ဖော်ကိုင်ဖက်အားလုံးက သူ့ကို အလွန်တရာ အောက်မေ့ အမှတ်ရလျက် ရှိနေကြပါသည်။

## အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ

UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး

အမှတ် ၁၂ (အို)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်

ဖုန်း ။ ။ ၀၁ - ၆၅၇ ၂၈၀~၇၊ ဖက်စ် ၀၁ - ၆၅၇ ၂၇၉

အီးမေးလ် ။ ။ lift@unops.org

lift-fund.org | facebook.com/liftfund| twitter.com/liftfund



LIFT ကို UNOPS မှ စီမံခန့်ခွဲသည်